ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-6-2007) (၅၃၆၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘိန်းစိုက်ပျိုးမှု လျှော့နည်းကျဆင်းမှုများက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မဟာဗျူဟာ၊ နည်းဗျူဟာမှန်ကန်၍ အောင်မြင်မှုရလဒ်များအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ် မကြာခင်ကာလအတွင်း မိမိတို့မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းမည်ဟု ယုံကြည်

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖျက်ဆီးသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီးပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany တို့ စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပေးကြစဉ်။(အပေါ်ပုံ) **နှင့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မူးယစ်ဆေးဝါး အာနိသင်ပါသော ဖမ်းဆီးရမိဆေးရည်ပုလင်းများကို ဖျက်ဆီးပေးကြစဉ်။** (ဝဲပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၇–၆–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

သန့်ရှင်းသာယာလှပသော လူမှုပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးနေသော လုပ်ငန်းများဖြစ်သည်။ မြို့ပြ၊ ရပ်ကွက်၊ ကျေးလက်ဒေသနေ ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် လမ်း၊ တံတားများကို တည်ဆောက်ပေးနေသည်။ ကူးသန်းဆက်သွယ် ရောင်းဝယ်ဖောက်ကားမှုများ စည်ပင်ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို ဖော်ဆောင်ပေးလျက်ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များသည် ပြည်သူများ ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး၊ စိတ်ချမ်းမြေ့ပျော်ရွှင်ရေးနှင့် မြို့၊ ရွာ၊ ဈေး၊ ကျောင်း သန့်ရှင်းသပ်ရပ် သာယာလှပရေးလုပ်ငန်းများကိုလည်း ပြုပြင်ဖန်တီးပေးလျက်ရှိသည်။ စည်ပင်သာယာနယ်နိမိတ်အတွင်း ချုံနွယ်ပိတ်ပေါင်း အမှိုက်သရိုက် ရှင်းလင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ဆောင်ရုံသာမက လျှပ်စစ်မီးလင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကိုပါ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည်။

မြို့ပြ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများသည် နေ့စဉ်နေ့တိုင်း လုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်ရာ အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်စေရေး၊ အိမ်၊ လမ်း၊ ဈေးဆိုင်ပတ်ဝန်းကျင် သန့်ရှင်းနေစေရန် နေ့စဉ်ရှင်းလင်းရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်စေရေး၊ ယင်လုံအိမ်သာသုံးစွဲစေရေး လုပ်ငန်းများကို ပြည်သူ တစ်ရပ်လုံးကပါ အသိတရားရှိရှိဖြင့် လိုက်နာကျင့်သုံးလာစေရေး အသိပညာပေးသွားကြရမည်ဖြစ်သည်။

စည်ပင်သာယာရေးလုပ်ငန်း တာဝန်များသည် ကျယ်ပြန့်များပြားပြီး နေ့စဉ်ထိတွေ့ ဆက်ဆံနေရသည့် ပြည်သူလူထု နယ်ပယ်သည် ကျယ်ဝန်းလှသည်။ စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ်တွင် အခွင့်အာဏာပြ မောက်မာစွာဆက်ဆံခြင်း၊ မမှန်မကန် ဆောင်ရွက်ခြင်းတို့ကို ရှောင်ကြဉ်ပြီး ပြည်သူတို့၏ လိုအပ်ချက်များကို စည်းကမ်းဘောင်အတွင်းမှ ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

မြို့ပြ၊ ရပ်ကွက်၊ ကျေးလက်တစ်ခွင်နေ ပြည်သူများ၏ နိစ္စဓူဝ လူနေမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးနေရသော စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ပြည်သူများထံမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများကို ပြည်သူ့အတွက် ထိရောက်အကျိုးရှိသော လုပ်ငန်းများတွင် သုံးစွဲဖြည့်ဆည်းဖော်ဆောင်ပေးခြင်းဖြင့် သန့်ရှင်းသာယာလှပသော လူမှုဘဝပတ်ဝန်းကျင် ဖြစ်ထွန်းပေါ်ပေါက်လာမည် ဖြစ်ပါသည်။ ။

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဓမ္မိကဝတီလမ်း ဒုတိယဗိုလ်မှူးကြီး အောင်ကြိုင်(ငြိမ်း)ဇနီး ဒေါ်ခင်သိန်းသိန်းဆွေ မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင် ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်သုံးဆီနှင့် လျှပ်စစ်ကို စနစ်တကျ ချွေတာသုံးစွဲကြရန်လို
ဝန်ထမ်းတစ်ဦးချင်း၏ လုပ်အား၊ အရည်အသွေးကို ဌာနအကြီးအကဲများက အနီးကပ်ကြပ်မတ်

နေပြည်တော် ဇွန် ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၄ ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ ဌာနအလိုက် ဒေသဆိုင်ရာ လုပ်ငန်း တာဝန်ရှိသူများက မိမိတို့ဒေသလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် ကြက်ဆူပင်စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စွမ်းအားပြည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ခေါင်းဆောင်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများကို သုံးသပ်တင်ပြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စက်သုံးဆီနှင့် လျှပ်စစ်သုံးစွဲမှုကို စနစ်တကျ ချွေတာသုံးစွဲကြရန် လိုကြောင်း၊ ရေယာဉ်တစ်စီးချင်း၊ လူတစ်ဦးချင်း၏ လုပ်ဆောင်နိုင်မှုများကို ဌာနအကြီးအကဲများအနေဖြင့် အလေးထားစိစစ်သွားရန် လိုကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်အား၊ အရည်အသွေးတို့ကို ဌာနအကြီးအကဲများအနေဖြင့် အနီးကပ် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ e-Governmentလုပ်ငန်းနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုထက် ပိုမိုဆောင်ရွက်နိုင်စေရန် တွန်းအားပေးဆောင်ရွက်ကြရန်၊ ခြစည်းရိုး ကြက်ဆူပင်များကို မိုးဦးကာလတွင် ပိုမိုအလေးထားစိုက်ပျိုးသွားရန်နှင့် ဌာနများအလိုက် ရည်မှန်းချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးရန်၊ စီမံခန့်ခွဲမှုနှင့် လုပ်ဆောင်မှုပုံသဏ္ဍာန်ကို လက်ရှိအခြေအနေများနှင့်ကိုက်ညီအောင် ဌာနအကြီးအကဲတို့အနေဖြင့် ပြုပြင် ဆောင်ရွက်သွားရန်၊ ရည်မှန်းချက်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ကြရန်တို့ကို အလေးထားမှာကြားပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သြဝါဒါစရိယ ဆရာတော်ကြီးများ နှစ်ပတ်လည်ပူဇော်ပွဲနှင့် သြဝါဒခံယူပွဲ

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက် ၂၀၃ တိုက်မှ စာသင်သားသံဃာတော် ၂၂၅၀၈ ပါးတို့အား တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော် လှူဒါန်းနေသော ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ အကျိုးတော်ဆောင်များက (၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ရက်) ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီတွင် အသင်းတိုက်ကြီး၌ သြဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါးတို့အား (၈၁) ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်း၊ သြဝါဒခံယူပြီး အမှုဆောင်များ၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်ဖြစ်သည်။ (က–ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသီဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းနေ ဦးသန်း၊ ဒေါ်ကျင်စိန်တို့ကိုရည်စူး၍ သား၊ သမီးများက ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က–ပ)

ဖြူးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

ဖြူးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဓမ္မာရုံ (ရွှေကျင်ဓမ္မာရုံ) ရှေ့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် အသက် (၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ ၂၀၀၅နှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲများတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်များ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

အသက်(၇၅)နှစ်အထက် သက်ကြီးစာရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများစာရင်းကို ဦးတင့် ဖုန်း–၆၈၁၂၄၉၊ ဦးမြဦး ဖုန်း–၆၆၀၁၃၁၊၂၂၉၉၄၅နှင့် ဦးဂုဏ်ရင် ၀၉၅၁၄–၈၈၅၃ တို့ထံ အချိန်မီ ဆက်သွယ်ပေးပို့ပါရန်နှင့် ဖြူးမြို့နယ်သူ၊နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊မဝင်သည်ဖြစ်စေ၊ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

နောက်နှစ်ရက်အတွက်
မုတ်သုံလေအားကောင်းမည်

စင်ကာပူနိုင်ငံ ချန်ဂီနိုင်ငံတကာလေဆိပ်တွင် ရပ်နားထားသည့် အဲဘတ်စ် အေ–၃၅၀ အမျိုးအစား လေယာဉ်တစ်စင်းကို ဇွန် ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လက်ဘနွန်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ စပိန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘေရွတ် ဇွန် ၂၄

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် တနင်္ဂနွေနေ့က ဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့မှ စပိန်တပ်ဖွဲ့ဝင် လေးဦး သေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

လက်ဘနွန် တောင်ပိုင်းတွင် ကင်းလှည့်နေသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်ဟု ယူဆရကြောင်း၊ စပိန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် စစ်ယာဉ်တစ်စီး မြေမြှုပ်မိုင်းဖြင့် တိုက်ခိုက်ခံရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ဘနွန် တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

နိုင်ငံခြားသတင်းများ

ဟီလာမြို့နှင့် ဘေဂျီမြို့တို့၌ ကားဗုံးပေါက်ကွဲ ၂၃ ဦးသေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၂၆

အီရတ်နိုင်ငံတောင်ပိုင်း ဟီလာမြို့တွင် ဇွန် ၂၅ရက် နံနက် ၆နာရီခွဲက ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ အနည်းဆုံး ရှစ်ဦးသေဆုံးပြီး ၃၀ကျော်ဒဏ်ရာ ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးပေါက်ကွဲမှုသည် ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့် အကွာရှိ ဟီလာမြို့၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

သေဆုံးသူများတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးပါဝင်ပြီး ဒဏ်ရာရသူများတွင် ရဲအရာရှိ လေးဦးထက်မနည်း ပါဝင်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့မြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ် ဘေဂျီမြို့ရှိ ရဲစခန်းကို ဇွန် ၂၅ရက် နံနက် ၉နာရီခွဲက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့်ဘောက်ဆာကားဖြင့် ဗုံးခွဲတိုက်ခိုက်ရာ ၁၅ဦးထက်မနည်း သေဆုံးပြီး ၃၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းရဲစခန်းသို့ ကင်းလှည့်လာသည့် အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်သွားပြီးနောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အဆင့်မြင့် ဆေးတက္ကသိုလ်များမှ ဘွဲ့ရဆရာဝန်များ စင်ကာပူတွင် အလုပ်လုပ်နိုင်

စင်ကာပူ ဇွန် ၂၄

နိုင်ငံတကာအဆင့်မြင့် ဆေးတက္ကသိုလ်များမှ ဘွဲ့ရ ဆရာဝန်များသည် စင်ကာပူနိုင်ငံတွင်အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အဆင့်မြင့် ဆေးတက္ကသိုလ်မှဆင်းသည့် ဆရာဝန်များမဟုတ်ပါက ၂၀၀၈ ခုနှစ်မှစ၍ အလုပ်လုပ်ကိုင်ခွင့် ပြုတော့မည်မဟုတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၀ရက်တွင် ကြေညာသည်။

ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံတို့ ကဲ့သို့သော နိုင်ငံများမှ လာရောက်ကြသည့် သမားတော်များသည် လက်ထောက်ဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ သမားတော်ဦးရေမလုံလောက်မှု ဖြည့်ဆည်းနိုင်ရေးအတွက် အချိန်တိုကာလဖြင့် ဆရာဝန်များအား ငှားယူရန် စင်ကာပူနိုင်ငံ ဆေးကောင်စီသည် ၂၀၀၀ပြည့်နှစ်ကတည်းက အဖွဲ့အစည်းများအား ခွင့်ပြုထားခဲ့ပြီးဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ကြေညာချက်သည် စင်ကာပူနိုင်ငံ၌ အလုပ်လုပ်နေကြသည့် လက်ရှိဆရာဝန်များနှင့် သက်ဆိုင်ခြင်းမရှိပေ။ စင်ကာပူနိုင်ငံ၌ လွန်ခဲ့သည့် ဇန်နဝါရီလအထိ မှတ်ပုံတင်ထားသည့် ဆရာဝန် ၇၆၁၁ ဦးရှိသည်။ ၎င်းတို့အနက် နိုင်ငံခြားဆေးတက္ကသိုလ်များတွင် သင်တန်းတက်ရောက်ခဲ့သူ ၂၂၈၆ဦး ပါဝင်သည်။ ဆရာဝန် ၄၀၀ နီးပါးမှာ အသိအမှတ်မပြုသည့် ဆေးတက္ကသိုလ်များမှ ဘွဲ့ရများ ဖြစ်ကြသည်။

အဆင့်မြင့်ဆေးတက္ကသိုလ်များမှ ဘွဲ့ရဆရာဝန်များကို စင်ကာပူနိုင်ငံ၌ တာဝန်ထမ်းဆောင်စေရန် ရည်ရွယ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် စထရိတ်တိုင်းမ်စ် သတင်းစာက ဖော်ပြသည်။

စင်ကာပူနိုင်ငံ ဆေးတက္ကသိုလ်များက ဆရာဝန်များ ပိုမိုထွက်ရှိလာရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ အသိအမှတ်ပြု နိုင်ငံခြားဆေးတက္ကသိုလ် အရေအတွက်မှာ ၂၀၀၃ခုနှစ်တွင် ၂၀ရှိရာမှ ယခုအခါ ၁၄၀ အထိ တိုးမြင့်လာသည်။

အသိအမှတ်မပြုသည့် ဆေးတက္ကသိုလ်များမှ ဘွဲ့ရရှိပြီး စင်ကာပူနိုင်ငံသို့ ရောက်ရှိနေကြသည့် ဆရာဝန်များအား ဘွဲ့လွန်လက်မှတ်များ ရယူကြရန် တိုက်တွန်းထားသည်။

အင်တာနက်။

မာရီယာနက်စ်ကျွန်းမြောက်ပိုင်း၌ အမေရိကန်နှင့်ဂျပန် ပူးတွဲစစ်ရေးလေ့ကျင့်

ကင်ဘာရာ ဇွန် ၂၄

မာရီယာနက်စ်ကျွန်းမြောက်ပိုင်းတွင် ပထမဆုံးအကြိမ် အမေရိကန်တပ်ဖွဲ့နှင့် ဂျပန်နိုင်ငံတို့သည် အဆင့်မြင့်တိုက်ခိုက်ရေးလေယာဉ်သစ်များဖြင့် ပူးပေါင်းစစ်ရေး လေ့ကျင့်လျက်ရှိသည်။

မာရီယာနက်စ်ကျွန်းမြောက်ဘက်တွင် အက်ဖ်–၂လေယာဉ်များကို ဂျပန်လေယာဉ်မှူးများစမ်းသပ်မောင်းနှင်လျက်ရှိကြောင်း ဩစတြေးလျ အသံလွှင့်ကော်ပိုရေးရှင်းဌာနက ဇွန် ၂၂ရက်တွင် သတင်းထုတ်လွှင့်သည်။ ကိုပီနော့ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း လေကြောင်းတိုက်ခိုက်မှုစွမ်းဆောင်ရည်ကို ဂျပန်နှင့် အမေရိကန်လေယာဉ်မှူးများ စမ်းသပ်လျက်ရှိကြောင်း ဂူအမ်ဒေသ အမေရိကန်လေကြောင်းတပ်ဖွဲ့အရာရှိမီချယ်လ်တိုမာဆူလို၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံပူးပေါင်းလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံက အက်ဖ်–၂ တိုက်ခိုက်ရေးလေယာဉ်များကို ပထမဆုံး သုံးစွဲခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ်ကို ဂျပန်နိုင်ငံမစ်ဆူဘီရှီစက်ရုံက အမေရိကန်အက်ဖ်–၁၆တိုက်လေယာဉ်များနှင့် ပုံစံတူ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လေကြောင်းတိုက်ပွဲများအတွက် ယင်းလေယာဉ်ကို ထုတ်လုပ်ထားပြီး ယင်းလေယာဉ်တွင် ခေတ်မီဗုံးများနှင့် လက်နက်များ တပ်ဆင်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးနေသည်ကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ထိုင်း၌ ဗုံးပေါက်ကွဲ၊ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဗန်ကောက် ဇွန် ၂၄

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ဇွန် ၂၂ ရက် နံနက်က အဝေးထိန်းဗုံးပေါက်ကွဲရာ ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဒေသခံ ပြည်သူခြောက်ဦး ဒဏ်ရာရရှိသည်။

အဆိုပါဗုံးသည် နှစ်ကီလိုဂရမ်လေးပြီး ယာလာမြို့ အင်ဂျင်ဝိုင်အရောင်းဆိုင်ရှေ့တွင် ပေါက်ကွဲမှုဖြစ်ကြောင်း ထိုင်းသတင်းအေဂျင်စီက ပြောကြားသည်။

ဒဏ်ရာရရှိသည့် ထိုင်းတပ်ဖွဲ့ဝင်နှင့် ဒေသခံပြည်သူတို့ကို ဆေးရုံသို့ တင်ထားသည်။ အခင်းဖြစ်ပွားရာနေရာသို့ ဗုံးရှင်းလင်းရေးတပ်ဖွဲ့ ရောက်ရှိလာပြီး အထောက်အထားများ စုဆောင်းရယူခဲ့သည်။

အခင်းဖြစ်ပွားရာ နေရာတွင် ရဲတပ်ဖွဲ့ကို ရည်ရွယ်သည့် နောက်ထပ် အဝေးထိန်းဗုံးရှိမည်ဟု အာဏာပိုင်များက ယူဆထားကြောင်း သတင်းတွင်ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘောဒီးယားတွင် လေယာဉ်ပျက်ကျ၊ ၂၂ဦးသေဆုံးဟုဆို

ဖနောင်းပင် ဇွန် ၂၆

ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ရီမြို့မှ သီဟာနုဗယ်လီမြို့သို့ ပျံသန်းသွားသော လေယာဉ်ငယ်တစ်စင်းသည် ဇွန် ၂၅ရက်က ကမ်ပေါ့ပြည်နယ်၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါ ၂၂ဦးစလုံးသေဆုံးသည်ဟု ယူဆရကြောင်း မြို့ပြလေကြောင်းသတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံးသွားသူများအနက် ၁၆ဦးသည် ကမ္ဘာလှည့်ခရီးသွားများ ဖြစ်သည်။ ယင်းတို့အနက် ၁၃ဦးမှာ တောင်ကိုရီးယားနိုင်ငံသားများ ဖြစ်ပြီး သုံးဦးမှာချက်နိုင်ငံသားများဖြစ်ကာ ကျန်လူများမှာ လေယာဉ်အဖွဲ့သားများ ဖြစ်ကြသည်ဟု ကမ္ဘောဒီးယားလေကြောင်းအာဏာပိုင်အဖွဲ့မှ အကြီးအကဲ ကီရိစီဗွန်က ပြောကြားသည်။ လေယာဉ်ပေါ်၌ လိုက်ပါသွားသူများအသက်ရှင်၊ မရှင်ကို သတင်းအတိအကျ မရသေးပေ။ ထို့ပြင် လေယာဉ်ပျက်ကျသွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ရုရှားနိုင်ငံလုပ်လေယာဉ်သည် ဒေသစံတော်ချိန် နံနက်၁၀နာရီတွင် လေယာဉ်ကွင်းမှ စတင်တက်လာပြီးနောက် ၁၀နာရီမိနစ် ၄၀တွင် ရေဒါဖန်သားပြင်ပေါ်၌ ပျောက်ကွယ်သွားကြောင်း ကီရိစီဗွန်က ပြောကြားသည်။ ထိုလေယာဉ်သည် တောတောင်ထူထပ်သော ကမ်ပေါ့ပြည်နယ်၌ နံနက်၁၁နာရီခန့်တွင် ပျက်ကျခဲ့သည်။ လေယာဉ်ပျက်ကျရာနေရာသို့ ရဟတ်ယာဉ်တစ်စင်းကို စေလွှတ်၍ ရှာဖွေခဲ့သော်လည်း ရဟတ်ယာဉ်မှာ ဆင်းသက်နိုင်ခြင်းမရှိပေ။ သို့ဖြစ်၍ လေယာဉ်ပျက်ကို ရှာဖွေရန်တာဝန်ရှိသူများ ခြေကျင်သွားရောက်နေကြသည်။

ဆီအမ်ရီနှင့် သီဟာနုဗယ်လီမြို့များသည် ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်သည့် မြို့နှစ်မြို့ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းပြည်နယ်ရှိ ယွန်ယန်ကျေးရွာတွင် မြေပြိုမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ ယုံကြည်ချက်ပြင်းပြစွာ ပူးပေါင်းပါဝင် မူးယစ်ဆေးဝါးများ စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ ဖျက်ဆီးခြင်းလုပ်ငန်းများ၌လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)သာမက မြန်မာ့မြေပေါ်တွင် မူးယစ်ဆေးဝါးပြဿနာ မကြာမီ အပြီးအပိုင်ပျောက်ကွယ်သွားမည်

အမှာစကား ပြောကြား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်ရ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၆

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရသူများအား ဆုများကိုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် နှစ်စဉ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ယခုကဲ့သို့ ကျင်းပနေကြမည်ပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် ပြည်တွင်းသောင်းကျန်းမှုများနှင့် မူးယစ်ဆေးဝါးပြဿနာကို စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ စေ့စပ်ညှိနှိုင်းရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့သော်လည်း ပိုမိုထိရောက်အောင်မြင်မှုများ ရှိစေရေးအတွက် ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူသည့်အချိန်တွင် တိုင်းရင်းသား ပြန်လည်စည်းလုံးညီညွတ်ရေး မူဝါဒများချမှတ်ပြီး မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သော စေတနာနှင့် မှန်ကန်သော လုပ်ရပ်များကြောင့် လက်နက်ကိုင်ဆန့်ကျင်ခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက်လာမှုများကြောင့် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုပပျောက်ရေးလုပ်ငန်းသည် ထူးခြားသည့် အောင်မြင်မှုများ ရရှိလာခဲ့ကြောင်း။

မြန်မာနိုင်ငံတွင် အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်သော နယ်စွန်နယ်ဖျား၊ ဝေးလံခေါင်းပါးသော ဒေသများကို လက်လှမ်းမီလာခဲ့ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ယခင်က တားဆီးနှိမ်နင်းရေးတစ်မျိုးတည်းဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယင်းဒေသများ ဖွံ့ဖြိုးတိုးတက်မှုရှိလာလျှင် မူးယစ်ဆေးဝါးတဖြည်းဖြည်း ပပျောက်သွားနိုင်ကြောင်း သုံးသပ်ရရှိခဲ့သဖြင့် ပြောင်းလဲလာသော အခြေအနေပေါ် မူတည်ပြီး နိုင်ငံတော် အကြီးအကဲက မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နည်းနိဿယများ ချမှတ်ခဲ့ကြောင်း။

မဟာဗျူဟာ(၂)ရပ်မှာ-

-မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့်

-နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝ ချုပ်ငြိမ်းပပျောက်ရေး တို့ဖြစ်ကြောင်း။

မဟာဗျူဟာနှစ်ရပ်ကို ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးဟူသည့် နည်းဗျူဟာ သုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါး ပပျောက်ရေးကို ဘက်ပေါင်းစုံက အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါး

စာမျက်နှာ ၅ ကော်လံ ၁ သို့

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦး အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲ သုံးမှုနှင့် တရားမဝင် ရောင်း ဝယ်မှု တိုက်ဖျက် ရေးနေ့ အခမ်း အနားတွင် အမှာ စကား ပြောကြား စဉ်။

(သတင်းစဉ်)



UNODC **အမှုဆောင် ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး ဌာနေကိုယ်စားလှယ်** Mr. Shariz Raza **ကိုယ်စား** International Programme Coordinator, Dr. Ronal Renard **ဖတ်ကြားစဉ်။**

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

❒ **စာမျက်နှာ ၄ မှ**

ပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ၁၉၉၉–၂၀၀၀ပြည့်နှစ်မှ ၂၀၁၃–၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလသတ်မှတ်ပြီး ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအရ ဦးစားပေး လုပ်ငန်းများအဖြစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့ သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအပြင် ဦးစားပေးလုပ်ငန်းစဉ်များ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတားဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေး ပညာပေးရေးလုပ်ငန်းများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မူးယစ်ဗဟို၏ ဘိန်းစိုက်ပျိုးမှု တားဆီးရေး ရှေ့ပြေး စီမံချက်ဖြစ်သည့် ပန်းတိုင်သစ် စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းစစ်ဌာနချုပ်နှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ အစီအမံအားဖြင့်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အကူအညီရယူပြီး ဘိန်းအစားထိုး သီးနှံမျိုးစေ့များကို တောင်သူများ လက်ဝယ်ဖြန့်ဖြူးခြင်း၊ ဆန်၊ ဆားများ ထောက်ပံ့ပေးခြင်း၊ကုန်းမြင့်မြေယာများဖော်ထုတ်စိုက်ပျိုးခြင်းများအပါအဝင် တောင်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွက်တိုး ဆင်းရွှေလီစပါး ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍ၌လည်း အသားတိုးဝက်၊ ဥစားကြက်၊ ပျားမွေးမြူရေးကို စီးပွားဖြစ်အဆင့်ထိ စံပြ ဗဟိုမွေးမြူရေးခြံကြီးများအဖြစ် မွေးမြူလုပ်ကိုင် ပြသဆောင်ရွက်လျက် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ကျေးလက်နေ ပြည်သူများထံ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ကိုလိုနီ နယ်ချဲ့တို့၏ အစီအမံ ပယောဂများကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်ရှိသည့် တောင်သူများအနေဖြင့် ဘိန်းစိုက်ပျိုးသည့် လုပ်ငန်းကို ရှေးယခင် နှစ်ပေါင်းများစွာကတည်းက အသက်မွေးဝမ်းကျောင်း တစ်ရပ်အနေဖြင့် လုပ်ကိုင်လာခဲ့ကြကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော် အစိုးရအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်အလေးထား တိုက်ဖျက်နေသည့် အပြင်ဘိန်းစိုက်တောင်သူများကိုယ်တိုင်ကလည်း ကမ္ဘာ့လူသား တစ်ရပ်လုံး၏ ဘုံရန်သူဖြစ်သည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်ကို ကောင်းစွာ သဘောပေါက် နားလည်လာကြပြီး ဘိန်းစိုက်ပျိုးမှု ဓလေ့ကို စွန့်လွှတ်ကာ မူးယစ်ဆေးဝါးတိုက်ဖျက် ရေးလုပ်ငန်းတွင် နိုင်ငံတော်အစိုးရနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်လာကြသည့်အတွက် အောင်မြင်မှုများရရှိနေခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားများ အနေဖြင့် ဘိန်းစိုက်ပျိုးမှု ဓလေ့ကို စွန့်လွှတ်ပြီး အစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည့် အပြင် မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌လည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး တစ်တပ်တစ်အား ပူးပေါင်းပါဝင် လုပ်ဆောင်လာကြသည့်အတွက် နယ်စပ်ဒေသအားလုံးတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသောအခြေခံ အဆောက်အအုံများသည် ယခင်အတိတ်ကာလနှင့် မတူတော့ဘဲ သိသိသာသာ တစ်ဟုန်ထိုး တိုးတက်လာသည့် အခြေအနေကို ရောက်ရှိလာပြီ ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ပပျောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် အသိစိတ်ဓာတ်ရှိရှိ ယုံကြည်ချက် ခံယူချက် ပြင်းပြစွာ ပူးပေါင်းပါဝင်ကြသကဲ့သို့ မူးယစ်ဆေးဝါးများ စုံစမ်းရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်း၊ ဖျက်ဆီးခြင်းစသည့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများ၌လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာကြသည့်အတွက် မိမိတို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေအတွင်းသာမက မြန်မာ့မြေပေါ်ကပါ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဤမူးယစ်ဆေးဝါး ပြဿနာသည် မကြာမီ အပြီးအပိုင် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးကို လူ့အဖွဲ့အစည်းအားလုံးနှင့် လူသားတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ UNODC အမှုဆောင် ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး ဌာနေကိုယ်စားလှယ် Mr. Shariz Raza ကိုယ်စား International Programme Coordinator Dr. Ronal Renard က ဖတ်ကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညီဖြူက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်အခြေပြု Asia Harm Reduction Network (Myanmar) Country Coordinator Mr. Willy De Maere ကိုယ်စား Medical Coordinator Asia Harm Reduction Network (AHRN) ဒေါက်တာ စိုင်းအိုက်ကျော်က ငွေကျပ် နှစ်သိန်း၊ Country Director Latter-day Saint Charities (LDSC) Mr. Carl Hatch က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ စာရေး ကိရိယာများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး ဌာနေကိုယ်စားလှယ် Mr. Shariz Raza ၏ ကိုယ်စား International Programme Coordinator Dr. Ronal Renard က ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ချီးမြှင့်ပေးအပ်ရာ မူးယစ်ဗဟိုအဆင့် အထူးဆု ကွန်ပျူတာပန်းချီ ပြိုင်ပွဲဆုရ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မခွန်းသံသာထွင့်၊ ပြည်နယ်အဆင့် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရ လားရှိုး နည်းပညာတက္ကသိုလ် B. Tech ဒုတိယနှစ်မှ နန်းလှိုင်းခေါင်၊ ဒုတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ဒုတိယနှစ် (CT) မှ စိုင်းအောင်သူ၊ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းပြ ဒေါ်ယမင်းထွေး၊ ဆောင်းပါးပြိုင်ပွဲ ပထမဆုရ လားရှိုး တက္ကသိုလ် ပထမနှစ်(ဂုဏ်ထူးတန်း)မှ မစိန်ဇာဇာဦး၊ ဒုတိယဆုရ လားရှိုး နည်းပညာတက္ကသိုလ် B. Tech ဒုတိယနှစ်မှ မခိုင်သက်စု၊ တတိယဆုရ လားရှိုးတက္ကသိုလ် တတိယနှစ် (မြန်မာစာ)မှ မစပယ်ဖြူထွန်းတို့အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ် အောင်သန်းထွဋ်က ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ကဗျာပြိုင်ပွဲတွင် ပထမဆုရ လားရှိုး နည်းပညာတက္ကသိုလ် တတိယနှစ်မှ မမိုးပွင့်ဖြူဖြူထွန်း၊ ဒုတိယဆုရ တန့်ယန်းမြို့ ဝိန်းကောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဦးခင်မောင်တိုး၊ တတိယဆုရ လားရှိုး တက္ကသိုလ် ဝန်ထမ်းရေးရာဌာနမှ မငြိမ်းသူဟန်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲ(အလွတ်တန်း) ပထမဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်း (CT)မှ မောင်ရဲဝင်းထိုက်၊ ဒုတိယဆုရ လားရှိုးကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ မောင်ဇင်ဝင်းထွေး၊ တတိယဆုရ လားရှိုးကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ စိုင်းနွံအွမ်မိန်းတို့အား ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကွန်ပျူတာပန်းချီပြိုင်ပွဲ (အလွတ်တန်း) ပထမဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ စိုင်းဘိုဘိုအောင်၊ ဒုတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် MODULE 1 မှ မောင်ပြည့်စုံရဲဝေ၊ တတိယဆုရ လားရှိုး ကွန်ပျူတာတက္ကသိုလ် MODULE 1 မှ မနွေးအိအိအောင် တို့အား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ(အထက်တန်း) ပထမဆုရ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်းမှ မခွန်းသံသာထွင့်၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မောင်လွမ်းမိုးသူ၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်းမှ မောင်စည်သူထက်၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲ(အလယ်တန်း)အဆင့် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်း ပဉ္စမတန်းမှ စိုင်းခေးလျန်း၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မောင်စောထက်မြတ်မိုး၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း ပဉ္စမတန်းမှ မခင်စုလှိုင်၊ ပန်းချီပြိုင်ပွဲ အသက်(၁၀)နှစ်အောက် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း စတုတ္ထတန်းမှ စိုင်းဆိုင်မိန်း၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၆)အခြေခံပညာ မူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မောင်တီလွမ်းဒေါင်၊ တတိယဆုရ ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာ မူလတန်းလွန်ကျောင်း တတိယတန်းမှ မောင်စိုင်းပိုင်စေမင်းထွန်း တို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လည်းကောင်း၊ ပန်းချီပြိုင်ပွဲ အသက်(၁၀–

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၁၅)နှစ်အောက်အဆင့် ပထမဆုရ သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်ထိန်လင်းအောင်၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မအယ်လ်ဆိုင်းဆန်အောင်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၈)အခြေခံပညာ မူလတန်းလွန်ကျောင်း သတ္တမတန်းမှ နန်းမွန်အောင်၊ ပန်းချီပြိုင်ပွဲ အသက်(၁၅–၂၀)နှစ်အောက်အဆင့် ပထမဆုရ ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းမှ စိုင်းဇွန်လွင်ထွေး၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းမှ မောင်ကျော်ထက်အောင်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ စောစန္ဒီကျော်တို့အား International Programme Coordinator Dr. Ronal Renard က လည်းကောင်း၊ ကာတွန်းပြိုင်ပွဲ အသက်(၁၀)နှစ်အောက် အဆင့်တွင် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်း တတိယတန်းမှ မစိန်ဖြူဦး၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တတိယတန်းမှ စီစီမွန်းဂျန်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၂၄)အခြေခံပညာမူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မောင်စောချမ်းမြတ်၊ ကာတွန်းပြိုင်ပွဲအသက် (၁၀–၁၅)နှစ်အောက် အဆင့်တွင် ပထမဆုရ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ စောရည်မွန်ဒွေး၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၆)အခြေခံပညာ မူလတန်းလွန်ကျောင်း ပဉ္စမတန်းမှ စိုင်းရန်အောင်မိုးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်ကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အသက်(၁၀)နှစ်အောက် အဆင့်တွင် ပထမဆုရ လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း တတိယတန်းမှ မောင်ရွှေပြည်စိုးစံ၊ ဒုတိယဆုရ နမ္မတူမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ ပဉ္စမတန်းမှ နန်းမြဟသ်ာ၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၂)အခြေခံပညာ မူလတန်းလွန်ကျောင်း ဒုတိယတန်းမှ မစန္ဒီကျော်၊ ပိုစတာပြိုင်ပွဲ အသက်(၁၀–၁၅)နှစ်အောက်အဆင့် ပထမဆုရ လားရှိုးမြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း စတုတ္ထတန်းမှ မောင်ကသော်စိုးစံ၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မစီစီမွန်းဆိုင်၊ တတိယဆုရ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်းမှ နန်းခိုင်ခိုင်အေး တို့အား ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရဲမှူးကြီးကံလှိုင်က လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



အလုံမြို့နယ် ပြန်/ဆက်ဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၁ ရက်က ကရင်ခြံရပ်ကွက်စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်း ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းမှ ဆုရရှိသူများအား တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းမှ ပထမ၊ဒုတိယ၊တတိယနှင့် အထူးဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသက်(၁၀-၁၅)နှစ် ပန်းချီပြိုင်ပွဲပထမဆုရရှိသော မအေးမြတ်သူ (အထက-၂၊ လသာ)အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကားပြောကြားရာတွင် ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံလူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်ဖြေရှင်းရသည့် ပြဿနာမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့်သက်ဆိုင်သည့် ပြဿနာဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တက်တက်ကြွကြွလှုပ်ရှားခဲ့သည်မှာ ယနေ့ပါဆိုလျှင် အကြိမ်(၂၀)ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ရှိသည့် ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသအသီးသီးရှိ မူးယစ်ဆေးဝါးအလွဲသုံးစွဲမိလိုက်ပြီး ဆေးစွဲသူများဘဝ ရောက်ရှိနေသူများကို မူးယစ်ဆေး၏ လွှမ်းမိုးမှုမှကင်းဝေးအောင်၊ ဘဝတစ်သက်တာ မူးယစ်ကင်းစင်သည့်ဘဝ ပြန်လည်ရောက်ရှိအောင် ပညာပေးပြုစုကုသရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ကောင်းကျိုး မပေးသည့် မူးယစ်ဆေးဝါးကို နည်းမျိုးစုံနှင့်သုံးစွဲခြင်းမျိုးမရှိအောင် ပြည်သူလူထုအတွင်း အထူးသဖြင့် ကျောင်းသားလူငယ်များအတွင်း အသိပညာပေးလှုံ့ဆော်ခြင်းလုပ်ငန်း၊ ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်ရန် အလွန်လိုအပ်ကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရန် ပြည်သူလူထုအားလုံး ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆက်လက်တိုက်ဖျက်သွားကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသော ပန်းချီပြိုင်ပွဲ အသက်(၁၀)နှစ်အောက်ရှစ်ဦး၊ အသက်(၁၀-၁၅)နှစ် ခုနစ်ဦး၊ အသက်(၁၅-၂၀)နှစ် ငါးဦး၊ အသက်(၂၀)နှင့်အထက် ငါးဦး၊ ကာတွန်းပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် ငါးဦး၊ အသက်(၁၀-၁၅)နှစ် ခုနစ်ဦး၊ အသက်(၁၅-၂၀)နှစ် သုံးဦး၊ အသက်(၂၀)နှစ်အထက် ရှစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် ခုနစ်ဦး၊ အသက်(၁၀-၁၅)နှစ် ခြောက်ဦး၊ အသက်(၁၅-၂၀)နှစ် လေးဦး၊ အသက်(၂၀)နှင့်အထက် ခြောက်ဦး၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် ငါးဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် နှစ်ဦး၊ အထက်တန်းအဆင့် နှစ်ဦး၊ တေးသီချင်းပြိုင်ပွဲတွင် ခြောက်ဦး၊ ဝတ္ထုတိုပြိုင်ပွဲတွင် ငါးဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ငါးဦး၊ ကဗျာပြိုင်ပွဲတွင် နှစ်ဦး၊ ဓာတ်ပုံပြိုင်ပွဲတွင် ခုနစ်ဦး စုစုပေါင်း ၁၀၅ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဆုချီးမြှင့်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသက်(၅-၁၀)နှစ် ပန်းချီပြိုင်ပွဲ အထူးဆုရ မောင်အောင်သီအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ဖတ်ကြားစဉ်။ (ဝ၈)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား လှိုင်လင်မြို့ ၌ကျင်းပ

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီတွင် လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် အောင်စည်ပင်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ငွေ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးစိုင်းမြသောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတက်ထွန်းတို့က မူးယစ်ဆေးဝါး ပညာပေးဆိုင်ရာတို့ကို အသီးသီးဟောပြောကြပြီး အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ကျောင်းသူများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးတို့က ဆုများချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးမှ ခင်းကျင်း ပြသထားသော ဓာတ်ပုံ၊ ပန်းချီ၊ ပိုစတာ၊ နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ တက်ရောက်လာသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေလှိုင်လင် မူးယစ်ဆေးဝါး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကိုဇွန်၂၆ရက်က ရန်ကင်းမြို့နယ် အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာကို ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင် ဖတ်ကြားစဉ်။ (၃၅)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၀ ၁၃။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း-၅)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဖတ်ကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က အမှာစကားပြောကြားပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာ မောင်ယဉ်ကျော်)က ဆုရွေးချယ်ပုံနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ရန်ကုန်မြို့တွင်းသို့ မော်တော်ယာဉ် ငါးစီးဖြင့်လေ့လာရေး ပို့ဆောင်ပေးမှုအခြေအနေတို့ကိုရှင်းလင်းတင်ပြ၍ အလှူရှင်ကိုးဦးတို့က အလှူငွေကျပ် ၃၈၂၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလုပ်အမှုဆောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင် မေတ္တာနှင့် မိုးပြည့်ပြည့်မောင်တို့က ဆုရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲသို့ တက်ရောက်

ရန်ကုန် ဇွန် ၂၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၀၂) အင်းစိန်(တိုးချဲ့)ဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘီအိုစီကွေ့အနီး အင်းစိန်လမ်းမကြီးပေါ်ရှိ အဆိုပါဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိတို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၂) အင်းစိန်(တိုးချဲ့)အရောင်းဆိုင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အရောင်းဆိုင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့ဖြည့်တင်းလျက်ရှိသော မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်ရန်ကုန်မြို့ နယ်နိမိတ်အတွင်း CNG ဆိုင်အသစ်များ ဖွင့်လှစ်ပေးလျက်ရှိရာ ယခုဆိုင်အပါအဝင် စုစုပေါင်း ၂၇ ဆိုင်ရှိသွားပြီဖြစ်သည်။ ယခုဖွင့်လှစ်လိုက်သော အင်းစိန်(တိုးချဲ့)ဆိုင်မှာ ၁၉၉၅ ခုနှစ်ကတည်းက မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်ရာ ယခုအခါ စက်စွမ်းရည်များ ကျဆင်းလာသဖြင့် စွမ်းရည်မြင့်စက်ပစ္စည်းများဖြင့် အစားထိုးတပ်ဆင်ပြီး အသစ်ပြန်လည် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့အတွင်း ယခုကဲ့သို့ စက်စွမ်းရည် ပိုမိုမြင့်မားပြီး ခေတ်မီလုံခြုံစိတ်ချရသော သဘာဝ ဓာတ်ငွေ့ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအနေဖြင့် ဓာတ်ငွေ့ဖြည့်တင်းရာတွင် ပိုမိုလျင်မြန်အဆင်ပြေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အက်ဒွါဒို အေ၊ရီယာလ်အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အက်ဒွါဒို အေ၊ရီယာလ်သည် စင်ကာပူမြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၇ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

✧ **ကျောဖုံးမှ**

(၉၆)ကြိမ်မြောက် ILOညီလာခံတက်ရောက်ခဲ့စဉ်ကြုံတွေ့ခဲ့ရမှု အနေအထားကို မေးမြန်းရာ ဦးခင်မောင်ဦးက **"(၉၆)ကြိမ်မြောက် ILO ညီလာခံတက်ဖို့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ မေ ၂၇ရက်မှာ မြန်မာနိုင်ငံကစထွက်တယ်၊ မေ ၂၉ရက်မှာ ILO အစည်းအဝေးစတင်ကျင်းပပါတယ်။ ကျွန်တော့်နာမည်က ဇွန် ၅ရက်ကတည်းကပဏာမအဖွဲ့ဝင်နိုင်ငံများရဲ့ ကိုယ်စားလှယ်များ ယာယီစာရင်းမှာပါရှိပြီးသားပါ။ နောက်ပြီး ဇွန် ၁၃ရက်မှာ ထုတ်ပြန်တဲ့ အပြီးသတ်ကိုယ်စားလှယ်စာရင်းမှာ မြန်မာနိုင်ငံအလုပ်သမားကိုယ်စားလှယ်အနေနဲ့တရားဝင်မှတ်တမ်းဝင်ခဲ့ပြီးဖြစ်ပါတယ်။ ILO အစည်းအဝေးအစအဆုံး ဘာအခက်အခဲမှမရှိဘဲ တက်ရောက်နိုင်ခဲ့ပါတယ်"** ဟု ဖြေကြားသည်။

ဦးခင်မောင်ဦးသည် ILO အစည်းအဝေးတက်ရောက်ခဲ့စဉ်က ၎င်းအား တရားဝင်ထုတ်ပေးခဲ့သောကတ်ပြား၊ စာရွက်စာတမ်းများကိုပြသခဲ့သည်။ ထိုသို့ ILOက တရားဝင်အသိအမှတ်ပြုသော အလုပ်သမားကိုယ်စားလှယ်တစ်ဦးဖြစ်သဖြင့် အစည်းအဝေးတွင် သုံးသပ်သောကိစ္စမှန်သမျှကို တစ်ဦးချင်းကိုယ်ပိုင်မဲပေးပိုင်ခွင့် အခွင့်အရေးလည်း ရရှိခဲ့သည်။

အသိအမှတ်ပြု

ဦးခင်မောင်ဦး၏ Electronic မဲပေးစနစ်ဖြင့် မဲပေးခဲ့သောဓာတ်ပုံများကလည်း အစည်းအဝေးကို တရားဝင်တက်ရောက်ခဲ့ရကြောင်း သက်သေပြလျက်ရှိသည်။ ထိုသို့မဲပေးခွင့်ရှိပြီး ညီလာခံကို တက်ရောက်လာခဲ့သော အခြားနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တန်းတူအခွင့်အရေးများ ရရှိခဲ့မှုကိုလည်း ဦးခင်မောင်ဦးက **"ညီလာခံကိုတက်ရောက်လာကြတဲ့ အခြားနိုင်ငံတွေက ကိုယ်စားလှယ်တွေဆီကလည်း ၎င်းတို့အစီအစဉ်ဖြင့် နိုင်ငံအလိုက်ပြုလုပ်တဲ့ အခမ်းအနားများကို တက်ရောက်ဖို့ တလေးတစားဖိတ်ကြားခဲ့တဲ့ဖိတ်စာတွေ လက်ခံရရှိခဲ့ပါတယ်။ ဒါတွေ ကလည်း မြန်မာကိုယ်စားလှယ်အဖွဲ့ကို အားလုံးကဂုဏ်သိက္ခာရှိစွာနဲ့ အသိအမှတ်ပြုခဲ့မှုတွေပါပဲ"** ဟု ရှင်းပြသည်။

လုံးဝအခြေအမြစ်မရှိ

ILO ညီလာခံတက်ရောက်ခဲ့စဉ်က အခြားနိုင်ငံများက ဖိတ်ကြားခဲ့သည့် ဖော်ပြပါဖိတ်စာများကိုလည်း ဦးခင်မောင်ဦးကပြသခဲ့သည်။ မြန်မာအလုပ်သမားကိုယ်စားလှယ်သာမက အလုပ်ရှင်ကိုယ်စားလှယ်နှင့် အစိုးရကိုယ်စားလှယ်တို့ပါ မေ၃၀ရက်မှ ဇွန်၁၅ရက်အထိ မည်သည့် အခက်အခဲမျှမကြုံတွေ့ရဘဲ ညီလာခံပြီးဆုံးသည်အထိ အောင်မြင်စွာ တစ်ရက်မပျက်တက်ရောက်ခွင့်ရခဲ့ကြပါသည်။ ထို့ကြောင့် မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေ၏ မမှန်မကန်စွပ်စွဲချက်များသည် လုံးဝအခြေအမြစ်မရှိကြောင်း တွေ့ရမည်ဖြစ်သည်။

ထို့အပြင် ဦးခင်မောင်ဦးသည် မြန်မာနိုင်ငံမှကိုယ်စားလှယ်အစစ်အမှန်မဟုတ်ဟု ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့အုပ်စုကစွပ်စွဲခဲ့သော်လည်း ကိုယ်စားလှယ် အရည်အသွေးစစ်ဆေးရေးကော်မတီက လက်ခံအတည်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုပြီး ညီလာခံတက်ရောက်ခွင့်ရရှိသည့် ကိုယ်စားလှယ်စာရင်းစာအုပ်နှင့်တကွအထောက်အထားများကိုလည်း ဦးခင်မောင်ဦးက ပြသခဲ့သည်။

ILOညီလာခံကို ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့အနေဖြင့် လေ့လာသူအဖြစ်သာ တက်ရောက်ခွင့်ရရှိခဲ့ပြီး ညီလာခံ၌ဆွေးနွေးခွင့်၊ မဲပေးပိုင်ခွင့်မရှိခဲ့ကြောင်း၊ အစည်းအဝေးကျင်းပစဉ် မည်သည့်သတင်းဌာနမှ သတင်းထောက်မျှ ဝင်ရောက်ခွင့်မရှိခဲ့ကြောင်း၊ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့က အစည်းအဝေးခန်းမ အပြင်ထွက်ပြီး သတင်းထောက်များနှင့်ပြည်ပသတင်းဌာနအချို့သို့ မဟုတ်မမှန်သတင်းများ လုပ်ကြံပြောကြားခဲ့ခြင်းသာဖြစ်ကြောင်း ဦးခင်မောင်ဦးက ရှင်းပြသည်။

လိမ်ညာမုသားပြောသူများ

ILO စုံစမ်းစစ်ဆေးရေးကော်မတီအနေဖြင့်လည်း ဦးခင်မောင်ဦးအား မြန်မာအလုပ်သမားကိုယ်စားလှယ်မဟုတ်ကြောင်း ပြည်သစ်ညွှန့်ဝေ(ခ) မောင်မောင်တို့အုပ်စုက တင်ပြခဲ့မှုအပေါ် မှန်ကန်ခြင်းမရှိ၊ ယုံကြည်လက်ခံနိုင်စရာအကြောင်းမရှိဟုဆိုကာ ငြင်းပယ်၍ ဦးခင်မောင်ဦးကိုသာ တရားဝင် အသိအမှတ်ပြုလက်ခံပြီး ညီလာခံအစအဆုံး တက်ရောက်ခွင့်ပြုခဲ့ခြင်းကြောင့် အမှန်တကယ်အားဖြင့် ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့သာ လိမ်ညာမုသားပြောသူများအဖြစ် အရှက်ကွဲခဲ့ရကြောင်း သိရှိရသည်။

သိက္ခာမဲ့လုပ်ရပ်

ထိုကိစ္စနှင့်ပတ်သက်၍ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်က ၁၂–၆–၂၀၀၇ ရက်နေ့၌ ဦးခင်မောင်ဦးအား မြန်မာအလုပ်သမားကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်လိုက်ပြီဟု ပြောကြားခဲ့ခြင်းသည် လုံးဝအခြေအမြစ် မရှိသည့် လုပ်ကြံဝါဒဖြန့်သတင်း၊ ပြောင်းပြန်သတင်းဖြစ်ပြီး လိမ်ညာပြောကြားခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိအနေဖြင့် ထိုသတင်းဖြစ်ရပ်များကို မြန်မာနိုင်ငံပြန်ရောက်မှ ကြားသိရကြောင်း၊ ပြည်ပ သတင်းဌာန အချို့ကလည်း သတင်းဦး၊ သတင်းထူးလျှင် ပြီးရောဆိုပြီး

(၉၆)ကြိမ်မြောက် ILO ညီလာခံတွင် အခြားနိုင်ငံများက ၎င်းတို့နိုင်ငံအလိုက် သီးခြားပြုလုပ်သော အခမ်းအနားများသို့ ဦးခင်မောင်ဦးအား ဖိတ်ကြားခဲ့သည့်ဖိတ်စာများ။

(၉၆)ကြိမ်မြောက် ILO ညီလာခံတက်ရောက်မည့် ပဏာမ ကိုယ်စားလှယ် စာရင်းပါစာအုပ်အား ဦးခင်မောင်ဦး ပြသစဉ်။

သတင်းမှန်ကန်မှု ရှိမရှိကို မစိစစ်ဘဲထုတ်လွှင့်ခဲ့ကြကြောင်း၊ သိက္ခာမဲ့လုပ်ရပ်များသာဖြစ်ကြောင်း ဦးခင်မောင်ဦးက ပြောကြားသည်။

အမှန်တရားကို မလွှမ်းမိုးနိုင်

ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်တို့၏ သွေးထိုးပေးမှုကြောင့် အလုပ်သမားအဖွဲ့အစည်းတစ်ခုက မြန်မာအလုပ်သမားကိုယ်စားလှယ်ဖြစ်သူ မြန်မာမေဆန်ကုမ္ပဏီလီမိတက် Good Morning ပေါင်မုန့်စက်ရုံမှ ကြီးကြပ်ရေးမှူး ဦးခင်မောင်ဦးအား အလုပ်သမားအစစ်အမှန်မဟုတ်ကြောင်း အကြောင်းပြချက်ဖြင့် ၃၁–၅–၂၀၀၇ ရက်နေ့တွင် ကန့်ကွက်လွှာစိစစ်ရေးကော်မတီသို့ ကန့်ကွက်စာတင်သွင်းခဲ့ကြောင်း၊ ၎င်းတို့၏ ကန့်ကွက်ချက်သည် အမှန်တရားကို မလွှမ်းမိုးနိုင်ဘဲ ၁၃–၆–၂၀၀၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အပြီးသတ်ကိုယ်စားလှယ်စာရင်း ထွက်ပေါ်လာရာ၌ ဦးခင်မောင်ဦး၏ အမည်စာရင်းပါရှိလာပြီး ၎င်းတို့၏ လုပ်ကြံတင်သွင်းမှု အထမမြောက်ဘဲ အရေးနိမ့်သွားခဲ့ကြောင်း သိရှိရသည်။

အခက်အခဲမရှိ

ဦးခင်မောင်ဦးက မိမိအနေဖြင့် ILOညီလာခံတက်ရောက်ခဲ့သည့် ဖြစ်စဉ်များအပေါ် မည်သည့်လျှို့ဝှက်မှုမျှ မရှိကြောင်း၊ လိမ်ညာမှုနှင့် ဖုံးကွယ်ထားမှုများလည်း မရှိကြောင်း၊ ညီလာခံ၌ အခက်အခဲတစ်စုံတစ်ရာမရှိဘဲ ပြီးဆုံးသည်အထိ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုဖြစ်ရပ်မှာ မြန်မာနိုင်ငံအပေါ် မလိုလားသော လူတစ်စုက ကွယ်ရာတွင် လုပ်ဇာတ်ဖန်တီးပြီး ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းသာဖြစ်ရာ အမှန်တကယ်တွင် ILO အဖွဲ့ကြီးက မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ်အား ညီလာခံ၌ လက်ခံခဲ့မှု၊ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်က ၎င်း၏ကြိုးပမ်းမှုများ အရာမထင်ဖြစ်ကာ လူပုံအလယ်၌ အရှက်ကွဲခဲ့ရမှုတို့အတွက် မစားရသည့်အမဲ သဲနှင့်ပက်သည့်သဘောဖြင့် ပြည်ပသတင်းဌာနအချို့နှင့် စိတ်တူအကြံတူ လက်ဝါးရိုက်ပူးပေါင်း လုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ၎င်းတို့၏ ကလိမ်ကျမှုကို ဖော်ထုတ်ရင်း အမှန်တရားကို အထောက်အထား မှတ်တမ်းဓာတ်ပုံများနှင့်တကွ ရေးသားတင်ပြလိုက်ရပါသည်။ ။

● **ရှေ့ဖုံးမှ**

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ပြည်ပ သတင်းစာဆရာများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ဇွန် ၂၆ ရက်သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illict Trafficking)ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် ကျင်းပလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေနှင့်လည်း ပြည်နယ်၊ တိုင်း အသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် ကျင်းပလျက်ရှိကြောင်း၊ ယခုကဲ့သို့ ထူးခြားသည့်နေ့ရက် အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသည့်အနေနှင့် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တစ်ခုဖြစ်သည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ရန်ကုန်မြို့၌ အကြိမ်(၂၀)အထိ နှစ်စဉ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့် အခြားမြို့များ၌လည်း မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၄၂)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း။

ရန်ကုန်မြို့တွင် ယမန်နှစ်က အကြိမ်(၂၀)မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား ကျင်းပပြီးနောက်ပိုင်း ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌တစ်ကြိမ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် မီးရှို့ဖျက်ဆီးမှုပြုခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးမှု (၅)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်၍ ယခုအကြိမ်အပါအဝင် မီးရှို့ဖျက်ဆီးမှု (၆)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

ယခင်နှစ်များတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အနေနှင့် ဗဟိုအဆင့် မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲများကို ရန်ကုန်မြို့တွင်ရှိသည့် မူးယစ်ဆေးဝါးပြတိုက်မှာ ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် ဗဟိုအဆင့် မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲကို နယ်တွင်ကျင်းပခြင်းသည် လားရှိုးမြို့က ပထမဆုံးပင်ဖြစ်ကြောင်း၊ ယင်းသို့ကျင်းပခြင်းမှာလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများ ကျဆင်းလာသည်ကို တွေ့ရသကဲ့သို့ အစားထိုးစိုက်ပျိုးရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ တားဆီးနှိမ်နင်းရေးများလည်း ထူးထူးခြားခြား အောင်မြင်မှုများတွေ့ရှိခြင်းကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသကို အထူးပြုဖော်ဆောင်သည့်အနေနှင့် ဧည့်သည်တော်ကြီးများကိုဖိတ်ခေါ်ပြီး ဗဟိုအဆင့် အခမ်းအနားများကို ကျင်းပခြင်းပင်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးကြောင့် ပေါ်ပေါက်နေသည့် ပြဿနာရပ်များကို သိရှိပြီး အသက်သွေးချွေးများ ပေးဆပ်ကာ ကမ္ဘာမြေပေါ်က အပြီးတိုင်ကွယ်ပျောက်သွားစေရေးအတွက် မြန်မာအစိုးရက နည်းလမ်းပေါင်းစုံနှင့် ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး၏ အကျိုးဆက်အနေနှင့် လူအဖွဲ့အစည်းအတွင်း ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးနယ်ပယ်များတွင် ပြဿနာတစ်ရပ်အနေနှင့် ရှိနေခြင်းကြောင့် မြန်မာနိုင်ငံအနေနှင့် ပြည်သူလူထုကပါ ပါဝင်လက်တွဲပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၇ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု ပပျောက်ရေးနေ့ အခမ်းအနားသို့ UNODC အမှုဆောင် ညွှန်ကြားရေးမှူးက ပေးပို့သည့် သဝဏ်လွှာမှာလည်း မူးယစ်ဆေးစွဲခြင်းကို အရှိန်လျှော့ချနိုင်ခဲ့ပြီဟု ယူဆနိုင်သည့် အပြုသဘောဆောင်သော အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ UNODC က ထုတ်ပြန်သည့် ၂၀၀၇ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာမှာလည်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ခဲ့ကြောင်းကို အထောက်အထားများဖြင့် ဖော်ပြထားကြောင်း၊ ကိုကင်း၊ ဟယ်ရိုးအင်း၊ ဆေးခြောက်နှင့် ATS အားလုံးလိုလိုတွင် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် အလွဲသုံးခြင်းစသည့် ကဏ္ဍအသီးသီးတွင် တည်ငြိမ်မှုလက္ခဏာများကို တွေ့ရှိနေရကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ တစ်ကမ္ဘာလုံးတွင် မူးယစ်ဆေးဝါးပြဿနာများ ရပ်တန့်သွားသည်ကို တွေ့မြင်သည်ဟု ပထမဦးဆုံးဖော်ပြထားခြင်းပင်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများအားလုံးက လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှုများ၏ ရလဒ်အနေနှင့် (၁၀)နှစ်အတွင်း ဘိန်းစိုက်ပျိုးမှု လျော့နည်းချုပ်ငြိမ်းလာပြီဆိုသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ သာဓကအနေနှင့်တင်ပြရလျှင် မိမိတို့ အာဆီယံ ၁၀နိုင်ငံထဲက လာအိုနိုင်ငံမှာဆိုလျှင် တစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှုမရှိတော့ဘဲ ဘိန်းကင်းမဲ့နိုင်ငံအနေနှင့် ကမ္ဘာကို အသိပေး ကြေညာနိုင်ပြီဖြစ်ကြောင်း။

အလားတူပင် ဘိန်းပပျောက်ရေးအတွက် မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံကြိုးပမ်းဆောင်ရွက်မှုများကြောင့် United Nations Office On Drugs and Crime, (UNODC) ၏ အစီရင်ခံစာများအရ လွန်ခဲ့သည့် (၁၀)နှစ်ဖြစ်သည့် ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု လျော့ကျလာသည်ကို သိသာထင်ရှားစွာ တွေ့ရမှာဖြစ်ကြောင်း။

၁၉၉၇ခုနှစ်တွင် ဘိန်း ဟက်တာ ၁၅၅၁၅၀ စိုက်ပျိုးပြီး ဘိန်း ၁၆၇၆ တန် ထွက်ရှိခဲ့ကြောင်း။

၂၀၀၆ခုနှစ်တွင် ဘိန်း ဟက်တာ ၂၁၅၀၀ စိုက်ပျိုးပြီး ၃၁၅ တန် ထွက်ရှိကြောင်း တွေ့ရကြောင်း။

ယင်းသို့ ဘိန်းစိုက်ပျိုးမှုလျော့နည်းကျဆင်းမှုများက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ချမှတ်အကောင်အထည်ဖော်နေသည့် မဟာဗျူဟာ၊ နည်းဗျူဟာမှန်ကန်၍ အောင်မြင်မှုရလဒ်များအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း၊ အကျိုးဆက်များအဖြစ် မကြာခင်ကာလအတွင်း၌ မိမိတို့ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းတော့မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

ယင်းမဟာဗျူဟာ၊ နည်းဗျူဟာအရ မူးယစ်ဆေးဝါး စိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲမှု ပပျောက်ရေးအတွက် ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို အမျိုးသားရေးတာဝန်အနေဖြင့် သတ်မှတ်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအားအရင်းအမြစ်များဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး လက်ရှိ ကျဆင်းလာမှုအနေအထားနှင့် အလားအလာများအရ နိုင်ငံတကာက ပါဝင်ကူညီဆောင်ရွက်မည်ဆိုလျှင်လည်း ရည်မှန်းချက်ကို ပိုမိုဆောလျင်စွာ ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ စီမံကိန်းကာလ မပြည့်မီမှာပင် မြန်မာနိုင်ငံ၌ ဘိန်းလုံးဝကင်းစင်လိမ့်မည်ဟု မျှော်မှန်းထားရှိကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ ဆက်လက်ပြီး လျော့နည်းကျဆင်းသွားစေရန်အတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း တိုးမြှင့်တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းချက်စခန်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများနှင့် လက်နက်ခဲယမ်းများကိုပါ လားရှိုး မူးယစ်အထူးအဖွဲ့အပါအဝင် ပူးပေါင်းအဖွဲ့က ထူးခြားစွာ ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးဖြစ်စဉ်အချို့ကို ဆက်လက်တင်ပြလိုကြောင်း။

၂၀၀၆ခုနှစ် ဇူလိုင် ၂၉ရက်တွင် ကွတ်ခိုင်မြို့နယ် မန်ဟိုတီးရွာဟောင်းမှာ ပူးပေါင်းအဖွဲ့က ဘိန်းချက်စခန်းတစ်ခုကို လက်နက်မျိုးစုံ လေးလက်၊ ဘိန်းစိမ်း ၂၇ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀၀၀ပြား၊ ဘိန်းရည် ၂၇ လီတာ၊ ဓာတုဆေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင်လည်း ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် လွယ်ကျေးခန်းတောင်၏ လှိုဏ်အတွင်းမှာရှိသည့် ဘိန်းချက်စခန်းကို ရှင်းလင်းရာ ဘိန်းဖြူဘာလောက်တုံးရိုက်စက်တစ်လုံးနှင့် ဓာတုပစ္စည်းများ သိမ်းဆည်း

ရမိခဲ့ပြီး သိန္နီမြို့နယ် မန်လင်ကျေးရွာမှ ဘိန်းဖြူ ၂၀ဒသမ၃ကီလို၊ ဘိန်းညို ၇ဒသမ၃ကီလို၊ လက်နက်ငယ်တစ်လက်၊ ၎င်းကျည်ကတ်တစ်ခုနှင့် ကျည် ငါးတောင့်တို့ သိမ်းဆည်းရမိခဲ့ကြောင်း။

၂၀၀၇ခုနှစ် ဧပြီ ၂၃ရက်တွင်လည်း ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် ပန်ဆေးကျေးရွာတွင် ဘိန်းစိမ်း ၁၄၆ဒသမ၇ကီလိုနှင့် ဘိန်းဖြူ ၃၀၀ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း။

၂၀၀၇ခုနှစ် မေ ၂၆ရက်တွင်လည်း ပူးပေါင်းအဖွဲ့သည် နမ့်လုပ်ရွာအနီးရှိ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၀ ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး လှိုဏ်အတွင်းမှ အက်ဖီဒရင်း ၃၇၆ ကီလို၊ ဘိန်းစိမ်း ၄၆ဒသမ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားနှင့် ဆေးပြားရိုက်စက် နှစ်လုံး၊ ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း။

၂၀၀၇ခုနှစ် မတ် ၂၅ရက်တွင်လည်း မြန်မာ-တရုတ်နယ်စပ်၌ တရုတ်နိုင်ငံရဲတပ်ဖွဲ့က မြန်မာပိုင်နယ်နိမိတ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးစဉ် တရုတ်နိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်သုံးဦး ကျဆုံးမှုနှင့်ပတ်သက်ပြီး ကျူးလွန်သူ တရားခံများကို တရုတ်နိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပြီး ဧပြီ ၃၀ရက်တွင် စတင်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံမှ အလိုရှိသည့် အဓိကတရားခံ ရှောက်ဂူ(ခ)လဲဂူ(ခ) ဓောင်းဟူကို ၂၀၀၇ခုနှစ် မေ ၂၄ရက်တွင် ဝိုင်းမော်မြို့နယ် ပန်းတောင်ကျေးရွာမြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ လယ်တဲတွင် ဖမ်းဆီးရမိခဲ့ပြီး ရှောက်ဂူ(ခ) လဲဂူ(ခ) ဓောင်းဟူကို တရုတ်နိုင်ငံသို့ ၂၀၀၇ ခုနှစ် မေ ၃၀ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေနှင့် ၂၀၀၁ခုနှစ်မှ ယနေ့အထိ တရုတ်နိုင်ငံသို့ မူးယစ်ဆေးဝါးတရားခံ ၆၃ ဦးကို (၁၉)ကြိမ် လွှဲအပ်ခဲ့ပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံကလည်း ၂၀၀၅ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ မြန်မာနိုင်ငံမှ အလိုရှိသည့်တရားခံ သုံးဦးကို နှစ်ကြိမ် လွှဲအပ်ခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ
မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖ
မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ
တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွ
ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းတင်

ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက
ခုနှစ်အထိ ထိုင်းနိုင်ငံမှ အလိုရှိသည့်
နှစ်ကြိမ် လွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာနိ
တရားခံတစ်ဦးကို ထိုင်းနိုင်ငံက ၂၀၀
ခဲ့ကြောင်း။

ဆက်လက်ပြီး မူးယစ်ဆေးဝါးဖမ်း
ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဘိန်း
နှိုင်းယှဉ်သုံးသပ်မည်ဆိုလျှင် ၁၉၉၇ ခုန
ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၆ခုနှစ်တွင် ဘိန်းက
၁၉၉၇ခုနှစ်တွင် ဘိန်းဖြူကီလို ၁၄၀၀ ကျေ
ဘိန်းဖြူကီလို ၁၉၂ ကီလိုဖမ်းဆီးရမိခဲ့
ကြည့်လျှင် ၁၀ စုနှစ်အတွင်းတွင် ဘိန်း၊
ဖမ်းဆီးရမိမှုလည်း လျော့နည်းလာသည်ဟု
သို့သော် တစ်ဖက်တွင် ဘိန်းနှင့် ဘိန်းဖြူ
ရမိသည်ကိုလည်း တွေ့ရှိရကြောင်း။

၁၉၉၆ခုနှစ်မှစတင်ပြီး စိတ်ကြွရူးသွ
ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၁ခုနှစ်အထိ နှစ်
၂၀၀၁ခုနှစ်မှာဆိုလျှင် အများဆုံး စိတ်ကြွရ

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖမ်းဆီးရမိခဲ့ပြီးနောက်ပိုင်း ဤနေရာတွ
ဘိန်းဖြူအစား မြန်မာနိုင်ငံက အစားထိုးထ
စွပ်စွဲပြောဆိုကြကြောင်း၊ မိမိတို့ ခဏခဏ
ဆေးများသည် Synthetic Drugsဖြစ်ပြီး
ယင်းဓာတုဗေဒပစ္စည်းများကို မြန်မာနိုင
နိုင်ငံများက တရားမဝင်လမ်းကြောင်းက
ရူးသွပ်ဆေးပြားများ ထုတ်လုပ်ရန်လိုအ
၂၀၀၃ခုနှစ်တွင် လီတာ ၃၉၀၀၀ ကျော်၊
ကျော်၊ ၂၀၀၅ခုနှစ်တွင် လီတာ ၁၇၈၀၀
၁၆၇၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊
လမ်းကြောင်းသို့ ရောက်ရှိမသွားအောင် အ
အလေးအနက်ထား တားဆီးကာကွယ်ထိ
အသိပေး ပြောကြားလိုကြောင်း။

ဆက်လက်ပြီး မူးယစ်ဆေးဝါးလ
အခြေအနေကို တင်ပြလိုကြောင်း၊ ဓာတုဗ
ဖော်ထုတ်၍ရသည့် Ketamine နှံ့ E
ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့ရ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအနေနှင့် ၂၀၀၄ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ထိုင်းနိုင်ငံမှ အလိုရှိသည့် မူးယစ်ဆေးဝါးတရားခံသုံးဦးကို နှစ်ကြိမ် လွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံကအလိုရှိသည့် မူးယစ်ဆေးဝါး တရားခံတစ်ဦးကို ထိုင်းနိုင်ငံက ၂၀၀၅ခုနှစ်အတွင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

ဆက်လက်ပြီး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကို သုံးသပ်တင်ပြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဘိန်းနှင့် ဘိန်းဖြူဖမ်းဆီးရမိမှုများအား နှိုင်းယှဉ်သုံးသပ်မည်ဆိုလျှင် ၁၉၉၇ ခုနှစ်တွင် ဘိန်းကီလို ၇၈၈၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၆ခုနှစ်တွင် ဘိန်းကီလို ၂၃၂၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၁၉၉၇ခုနှစ်တွင် ဘိန်းဖြူကီလို ၁၄၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၆ခုနှစ်တွင် ဘိန်းဖြူကီလို ၁၉၂ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်လျှင် ၁၀ စုနှစ်အတွင်းတွင် ဘိန်း၊ ဘိန်းဖြူထုတ်လုပ်မှု လျော့လာ၍ ဖမ်းဆီးရမိမှုလည်း လျော့နည်းလာသည်ဟု အကြမ်းဖျင်း သုံးသပ်၍ရကြောင်း၊ သို့သော် တစ်ဖက်တွင် ဘိန်းနှင့် ဘိန်းဖြူများကို နှစ်စဉ် လျော့နည်းဖမ်းဆီး ရမိသည်ကိုလည်း တွေ့ရှိရကြောင်း။

၁၉၉၆ခုနှစ်မှစတင်ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို မြန်မာနိုင်ငံတွင် ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၁ခုနှစ်အထိ နှစ်စဉ် တိုးမြှင့်ဖမ်းဆီးနိုင်ကြောင်း၊ ၂၀၀၁ခုနှစ်မှာဆိုလျှင် အများဆုံး စိတ်ကြွရူးသွပ်ဆေးပြား ၃၂သန်းကျော်အထိ

ဖမ်းဆီးရမိခဲ့ပြီးနောက်ပိုင်း ဤနေရာတွင် စိတ်ကြွဆေးများကို ဘိန်း၊ ဘိန်းဖြူအစား မြန်မာနိုင်ငံက အစားထိုးထုတ်လုပ်လာသည်ဟု ဌာနအချို့က စွပ်စွဲပြောဆိုကြကြောင်း၊ မိမိတို့ ခဏခဏပြောဆိုရှင်းပြသကဲ့သို့ပင် စိတ်ကြွဆေးများသည် Synthetic Drugsဖြစ်ပြီး ဓာတုဗေဒပစ္စည်းများလိုကြောင်း၊ ယင်းဓာတုဗေဒပစ္စည်းများကို မြန်မာနိုင်ငံက မထုတ်လုပ်ဘဲ အိမ်နီးချင်းနိုင်ငံများက တရားမဝင်လမ်းကြောင်းက ဝင်ရောက်လျက်ရှိကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရန်လိုအပ်သည့် ဓာတုပစ္စည်းများကိုလည်း ၂၀၀၃ခုနှစ်တွင် လီတာ ၃၉၀၀၀ ကျော်၊ ၂၀၀၄ခုနှစ်တွင် လီတာ ၇၀၀၀ ကျော်၊ ၂၀၀၅ခုနှစ်တွင် လီတာ ၁၇၈၀၀ ကျော်၊ ၂၀၀၆ခုနှစ်တွင် လီတာ ၁၆၇၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဓာတုပစ္စည်းများ တရားမဝင်လမ်းကြောင်းသို့ ရောက်ရှိမသွားအောင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး အလေးအနက်ထား တားဆီးကာကွယ်ထိန်းချုပ် ဆောင်ရွက်လျက်ရှိကြောင်း အသိပေး ပြောကြားလိုကြောင်း။

ဆက်လက်ပြီး မူးယစ်ဆေးဝါးလမ်းကြောင်းများ ပြောင်းလဲလာမှု အခြေအနေကို တင်ပြလိုကြောင်း၊ ဓာတုဗေဒပစ္စည်းများသာ ပါဝင်ပေါင်းစပ်ဖော်ထုတ်၍ရသည့် Ketamine နဲ့ Ecstasy ကို မြန်မာနိုင်ငံအတွင်း ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့ရသည့်အတွက် တားဆီးနှိမ်နင်းရေး အဖွဲ့များက မျက်ခြည်မပြတ် စောင့်ကြည့်ဖော်ထုတ်သည့်အခါ စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများဖြစ်သည့် Psychotropic Drugs များပါဝင်ရောက်လာ၍ ဖော်ထုတ်ဖမ်းဆီးခဲ့သည့်ဖြစ်စဉ်များကို တင်ပြမည်ဖြစ်ကြောင်း။

၂၀၀၆ခုနှစ် ဒီဇင်ဘာလထဲတွင် ပါကစ္စတန်နိုင်ငံသားနှစ်ဦးက Ativan ဆေးပြား ၂၃၀၀၀၀၊ Bunorfin ထိုးဆေး ပုလင်း ၁၉၅၀၊ Bunorfin ဆေးပြား ၁၇၇၀၀၊ Frisium ဆေးပြား၅၉၀၀၀၊ Sosegon ဆေးပြား ၄၈၀၀ ကို တရားမဝင် ခိုးသွင်းလာ၍ ရန်ကုန်လေဆိပ် မူးယစ်အထူးအဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က စစ်ဆေးတွေ့ရှိပြီး မူးယစ်ဆေးဥပဒေနှင့် အရေးယူခဲ့ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသည့်သူများက ယင်း Psychotropic Drugs များကို ဘိန်း၊ဘိန်းဖြူနှင့် အခြားစိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ၏နေရာတွင် အစားထိုးသုံးစွဲနေသည့် ဆေးဝါးများဖြစ်သည် ဆိုသည်ကို တွေ့ရှိရကြောင်း။

ယင်းသို့ Psychotropic Drugs အစားထိုး ဝင်ရောက်လာခြင်းသည် မူးယစ်ဆေးဝါးများ မြန်မာနိုင်ငံအတွင်း ဈေးကွက်ရှားပါးလာသည့်အတွက် ပြည်ပကနေ ထိုးဖောက်ဝင်ရောက်လာသည်ဆိုသည်ကို သုံးသပ်၍ရကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးဈေးနှုန်းများ မြင့်တက်လာသည်ကို လွန်ခဲ့သည့် (၄)နှစ်ကျော်ကာလနှင့်နှိုင်းယှဉ်လျှင် ယခင်ဘိန်းဖြူ တစ်ကီလိုကို ငွေကျပ်သိန်း ၂၀၀ ရှိပြီး ယခုနှစ်များ၌ ဘိန်းဖြူ တစ်ကီလိုကို ငွေကျပ်သိန်း ၈၀၀အထိ ဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ အလားတူပင် လွန်ခဲ့သည့် (၄)နှစ်က စိတ်ကြွဆေးပြားတစ်ပြားကို ကျပ် ၇၀၀သာ ရှိသော်လည်း ယခုအချိန်များတွင် စိတ်ကြွဆေးပြားတစ်ပြားကို ကျပ် ၅၀၀၀အထိ ဈေးနှုန်းမြင့်တက်လာတာကိုတွေ့ရကြောင်း၊ ယင်းသို့ ဈေးနှုန်းများ မြင့်တက်လာသည်မှာလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာခြင်း၊ တားဆီးနှိမ်နင်းရေးအပိုင်းတွင် ပိုမိုတင်းကျပ်စွာ ဆောင်ရွက်လာခြင်းများကြောင့် မူးယစ်ဆေးဝါးရှားပြီး ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည် ဆိုသည်ကို သုံးသပ်၍ရကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယခုအကြိမ်အပါအဝင်ဆိုလျှင် (၆)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများအနက် အချို့ကို ဖော်ပြရမည်ဆိုလျှင် ဘိန်း ၃၃၄ဒသမ၆၈ကီလို၊ ဘိန်းဖြူ ၆၇ဒသမ၄၇ကီလို၊ ဘိန်းညို ၇ဒသမ၃ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၅၇၃၉၅ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၄၃၇ဒသမ၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၅၃၇ ဒသမ၆၈ကီလို၊ အက်ဖီဒရင်း ၉၈ဒသမ၁၉ကီလို၊ ကဖင်း ၁၀၄ဒသမ၂ကီလို၊ ဆေးခြောက် ၀ဒသမ၅ကီလို၊ ကက်တမင်း တစ်ကီလို၊ ဓာတုဆေးရည် ၆၃၁၉ ဒသမ ၁၄လီတာ၊ ဓာတုဆေးမှုန့် ၂၂၀၉ဒသမ၉၅ကီလို၊ ဘိန်းမျိုးစေ့ ၄၁၉ဒသမ၆၂ကီလို၊ ဘိန်းပင် ၄၅၉ပင်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ၇၀ တို့ ဖြစ်ကြောင်း။

ယနေ့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ အမေရိကန်နိုင်ငံ လမ်းမပေါ်က လက်လီဈေးနှုန်းအရတွက်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၂၇၂ဒသမ၅သန်းကျော်ရှိကြောင်း။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ခြင်းမပြုမီ လက်တွေ့ စမ်းသပ်လေ့လာနိုင်ပါကြောင်း တစ်ဆက်တည်း ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါး အာနိသင်ပါသော ဖမ်းဆီးရမိဆေးရည်ပုလင်းများကို သတ်မှတ်ထားသည့်နေရာ၌ ဖျက်ဆီးပေးကြပြီး ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Nobutake Odano၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr.Tran Van Tung တို့သည် စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီး ရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် တာဝန်ရှိသူများ၊ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ဌာနေကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များသည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့၊ ဆေးကုသရေးနှင့်ပြန်လည်ထူထောင်ရေး အဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့မှ ခင်းကျင်း ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ၌ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများ

နေပြည်တော် ဇွန် ၂၆

ယနေ့ ၂၆-၆-၂၀၀၇ ရက်တွင် ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား၌ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ-

ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်း မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ၏ အမေရိကန်နိုင်ငံ ခန့်မှန်းတန်ဖိုး

စဉ်	အမျိုးအမည်	အလေးချိန်		ဈေးနှုန်း (ဒေါ်လာ)	တန်ဖိုး (ဒေါ်လာ)	မှတ်ချက်
		ကီလို	လီတာ			
၁	ဘိန်း	၃၃၄.၆၈၆၄၇၆		၁၂၅၀၀	၄၁၈၃၅၈၀.၉၅	
၂	ဘိန်းဖြူ	၆၇.၄၇၆၄၉၅၈		၁၂၅၀၀၀	၈၄၃၄၅၆၁.၉၇	
၃	ဘိန်းညို	၇.၃၀၂၄		၁၂၅၀၀၀	၉၁၂၈၀၀	
၄	ဘိန်းဆီ	၅.၅၇၀၅				
၅	အဆင့်နိမ့်ဘိန်း	၅၃၇.၆၈၃၀၈၄၇				
၆	ဆေးခြောက်	.၅		၅၂၆၀	၂၆၃၀	
၇	စိတ်ကြွဆေးပြား	၄၀၅၇၃၉၅		၂၀၀၀၀၀	၈၁၁၄၇၉၀၀	
၈	စိတ်ကြွဆေးမှုန့်	၄၃၇.၉၀၀၄၈		၂၀၀၀၀၀	၈၇၅၈၄၀၀၀	
၉	အက်ဖီဒရင်း	၉၈.၁၉		၆၀၀၀၀၀	၅၈၉၁၄၀၀၀	
၁၀	ကဖင်း	၁၀၄.၂		၃၀၀၀၀၀	၃၁၂၆၀၀၀၀	
၁၁	ကတ်တမင်း	၁		၁၆၀၀	၁၆၀၀	
၁၂	ဓာတုဆေးရည်		၆၃၁၉.၁၄၂၁	၁၀.၄၅၈	၆၆၀၈၅.၅၆	
၁၃	ဓာတုဆေးမှုန့်	၂၂၀၉.၉၅		.၅၂၆	၁၁၆၂.၄၃	
၁၄	ဘိန်းမျိုးစေ့	၆၈၅.၂၄၇ ၄၁၉.၆၂၅(ပြည်)				
၁၅	ဘိန်းပင်	၄၅၉ ပင်				
၁၆	ဆက်စပ်ပစ္စည်း	၇၀မျိုး				
စုစုပေါင်း					**၂၇၂၅၀၈၃၂၀.၉၁**	

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let’s Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In reading.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၀ ၆။ အကပြိုင်ပွဲ
၅:၁၅ ၇။ သီချင်းကြီးပဒေသာ
၅:၂၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ Discovery
၇:၁၅ ၁၄။ နိုင်ငံစီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (တီကျစ်-ကျောက်မီးသွေးသတ္တုတွင်း)
၇:၃၀ ၁၅။ **“ချစ်လွန်းလို့” (ပိုးဖြူခင်စိုးပိုင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
၇:၃၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇:၄၀ ၁၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၇:၅၀ ၁၈။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း-၁)
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **“မိုးသက်လေကို ခြွေတဲ့ဆောင်း” (နိုင်းနိုင်း၊နေအောင်၊ အိန္ဒြာကျော်ဇင်၊ပပဝင်းခင်၊ ခင်သန်းနု) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပြန်ကြားရေး၊ အားကစားနှင့် လူမှု/ကယ်ဆယ်အသင်းတို့ အနိုင်ရ

နေပြည်တော် ဇွန် ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (င) အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် သာသနာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက သာသနာရေးဝန်ကြီးဌာန အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (စ) အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာန အသင်းက အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ထို့အတူ ညနေ ၄နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌ (စ)အုပ်စုမှ ရှေ့နေချုပ်ရုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက ရှေ့နေချုပ်ရုံးအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ကျင်းပ

ဇွန် ၂၇ရက်တွင် ပထမအဆင့်အုပ်စုပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ဇ)အုပ်စုမှ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ယှဉ်ပြိုင်ကစားကြမည်

ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ဇ)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် အလုပ်သမားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး လယ်ဝေးမြို့နယ် အားကစားကွင်း၌ (ဆ)အုပ်စုမှ ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ(င)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၆

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်း၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ ဖျော်ဖြေရေး လုပ်ငန်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

နောက်ဆုံးအကြိမ်

အစည်းအဝေးတွင် ရှေးဦးစွာ အမျိုးသားညီလာခံ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းက အမှာစကား ပြောကြားရာတွင် အမျိုးသားညီလာခံကြီးကို နောက်ဆုံးအကြိမ်အဖြစ် ဇူလိုင် ၁၈ရက်တွင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပတော့မည် ဖြစ်ကြောင်း၊ မိမိတို့ဆပ်ကော်မတီအပိုင်းမှ ယခင်က ကျင်းပခဲ့သည့် ညီလာခံ ကာလတစ်လျှောက်လုံးတွင် အောင်အောင်မြင်မြင်ဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုနောက်ဆုံးအကြိမ် ကျင်းပတော့မည့် အမျိုးသား ညီလာခံတွင်လည်း ဆောင်ရွက်မှုအဝဝကို ယခင်ကထက် လျော့နည်းမှုမရှိစေဘဲ အဘက်ဘက်မှ ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များ မရှိကြစေရန် အထူးကြပ်မတ် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီသည် ညီလာခံကိုယ်စားလှယ်များနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရသောလုပ်ငန်းများဖြစ်၍ ကိုယ်စားလှယ်တော်များ သက်သောင့်သက်သာဖြင့် နေထိုင်နိုင်ရန်၊ အပန်းဖြေအနားယူနိုင်ရန်၊ အဆင်ပြေ ချောမွေ့စေရန် နေ့စဉ်ကြပ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဆပ်ကော်မတီအောက်ရှိ အရောင်းဆိုင်များ၊ ဝန်ဆောင်မှုဆိုင်များ၊ ဖျော်ဖြေရေးပွဲ များတွင်လည်း နောက်ဆုံးအကြိမ် ကျင်းပသည့် ညီလာခံဖြစ်သည်နှင့် အညီ လုံခြုံရေးအထူးဂရုစိုက် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မိမိတို့ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီသည် အရေးမကြီး သော်လည်း အရေးပါသော လုပ်ငန်းများဆောင်ရွက်နေရသည်ဖြစ်ရာ အမျိုးသား ညီလာခံကြီး အောင်မြင်ပြီးမြောက်ချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သမိုင်းတစ်ခေတ်တွင် မိမိတို့ကျရာ တာဝန် များကို တစ်ထောင့်တစ်နေရာမှ ထမ်းဆောင်ရ၍ မိမိတို့အနေဖြင့် ဂုဏ်ယူရမည် ဖြစ်ကြောင်းနှင့် အစစအရာရာအဆင်ပြေချောမွေ့စေရန် ဆပ်ကော်မတီဝင်များ အနေနှင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက နောက်ဆုံးအကြိမ် ကျင်းပမည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် မိမိတို့ဌာနအလိုက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

အသေးစိတ်မှာကြား

ထို့နောက် တင်ပြချက်များအပေါ် ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဇူလိုင် ၁၄ရက်တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ် များ ညောင်နှစ်ပင်စခန်းသို့ စတင်ရောက်ရှိလာတော့မည်ဖြစ်ရာ လုံခြုံရေးကို ဦးစားပေးပြီး အစစအရာရာ အဆင်ပြေစေရန်ဆောင်ရွက်သွားကြရေး အသေးစိတ် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အောက်ရှိ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသား ညီလာခံဖျော်ဖြေရေးနှင့် သက်သာ ချောင်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသိုက်ထွန်း အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၂၆

၂၀၀၇ခုနှစ် ဇွန် ၂၆ရက် မြန်မာ စံတော်ချိန် နံနက် ၀၀နာရီ ၄၁မိနစ် ၀၂စက္ကန့်အချိန် မန္တလေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင် ၄၆၀ခန့်ကွာဝေးသော(အိန္ဒိယ-မြန်မာနယ်စပ်အနီး) မြန်မာနိုင်ငံ ပြင်ပတစ်နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

လယ်တီစံ မဟာစည်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်ဂုဏ်ပြုပွဲ

ရန်ကုန် ဇွန် ၂၆

ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် မဟာညောင်ကုန်း ကျောင်းတိုက် အတွင်းရှိ လယ်တီစံ မဟာစည် သာသနာ့ရိပ်သာတွင် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် စာအောင်သံဃာဂုဏ်ပြုပွဲ ကို ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့) (ဝါဆိုလပြည့်နေ့) နံနက် ၉နာရီတွင် ကျင်းပ၍ ဓမ္မစကြာတရားကို ညနေ ၄နာရီတွင် ဟောကြားချီးမြှင့်မည် ဖြစ်သည်။ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ကျောင်းအကျိုး ဆောင်အဖွဲ့ ဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရ သည်။ (၂၃)

မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပွဲ တပ်မတော်(ကြည်း)နှင့် လယ်/ဆည် သရေကျ

ရန်ကုန် ဇွန် ၂၆

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့် ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ တပ်မတော် (ကြည်း)အသင်းနှင့် လယ်ယာ/ ဆည်မြောင်းအသင်းတို့ နှစ်ဂိုးစီဖြင့် သရေကျသွားသည်။

တပ်မတော်(ကြည်း)အသင်း -နှစ်ဂိုး

(ခင်မောင်ထွေးနှင့် ဇော်ဟိန်း)

လယ်ယာ/ဆည်မြောင်းအသင်း -နှစ်ဂိုး

(ကျော်ကျော်ချစ်နှင့် မျိုးနိုင်)

ဒိုင်လူကြီး -ဦးကိုကိုနိုင်

ပွဲဦးထွက်ပွဲတွင် ရှုံးထား၍ ယနေ့ပွဲ အနိုင်ရလျှင် အုပ်စုတက်မည်ဖြစ်၍ နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ ကြသော်လည်း သရေဖြင့်သာ အဆုံး သတ်ခဲ့သည်။ လယ်/ဆည်အသင်းက ဂိုးကွာခြားချက်ဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရသွားသည်။

(ခ)အုပ်စုပွဲစဉ်များ ယနေ့ ပြီးဆုံး သွားရာ ပို့ဆောင်ရေးအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမ ရရှိသည်။ လယ်/ဆည်နှင့် တပ်မတော် (ကြည်း)အသင်းမှာ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ တစ်မှတ်စီ ရရှိသော်လည်း လယ်/ဆည်က သွင်းဂိုး လေးဂိုး၊ ပေးဂိုး ငါးဂိုး၊ တပ်မတော်(ကြည်း) အသင်းက သွင်းဂိုး နှစ်ဂိုး၊ ပေးဂိုး လေးဂိုးဖြင့် ဂိုးကွာခြားချက်အရ လယ်/ဆည်အသင်းက အုပ်စု ဒုတိယ ရရှိသွားသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပွဲ သမ္မတရုံ၌ ပြသမည်

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရန်ပုံငွေရုပ်ရှင်ပွဲကို ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသမည်ဖြစ်ရာ အဆိုပါ ရန်ပုံငွေရုပ်ရှင်ပွဲ အဖြစ် ဇူလိုင် ၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီ၌ အကယ်ဒမီလွင်မိုးနှင့် အကယ်ဒမီ နန္ဒာလှိုင်တို့ ပါဝင်သည့် **"ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း"** ရုပ်ရှင်ဇာတ်ကားကို ပြသမည် ဖြစ်သည်။

ကြည့်ရှုအားပေးလိုပါက ဇူလိုင် ၁ရက်တွင် ရုပ်ရှင်မပြသမီ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ လက်မှတ်များရောင်းချပေးမည်ဖြစ်သဖြင့် ဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော“အမျိုးသမီးရေးရာစာတမ်းများဖတ်ပွဲ”ကို ယနေ့နံနက်ပိုင်းကကျင်းပခဲ့ကြောင်း ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင် အတတ်ပညာရှင်အဖွဲ့ဝင် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

သဘာပတိ

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက ဆောင်ရွက်သည်။

စာတမ်းဖတ်ပွဲတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဌာနမှူး ပါမောက္ခဒေါ်ခင်ဆွေမြင့်က **“မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှု”** စာတမ်းကိုလည်းကောင်း၊ ရန်ကုန် အဝေးသင်တက္ကသိုလ် သမိုင်းဌာန-ဌာနမှူး ပါမောက္ခဒေါက်တာမိုမိုသန့်က **“မြန်မာအမျိုးသမီးများ၏ လူမှုရေးကဏ္ဍ ပါဝင်ဆောင်ရွက်မှု”** စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာဌာန-ဌာနမှူး ကထိကဒေါက်တာချောချောစိန်က **“၂၁ ရာစု မြန်မာအမျိုးသမီးများ”** စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ဆက်လက်ကျင်းပ

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာ ဒေါ်ခင်အုန်းသန့်က ဆောင်ရွက်သည်။

ဖတ်ကြားတင်ပြ

ထို့နောက် ရန်ကုန် စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာခင်စန်းရီက **“စီမံခန့်ခွဲမှုနှင့် မြန်မာအမျိုးသမီးများကဏ္ဍ”** စာတမ်းကိုလည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက **“အရှေ့တောင်အာရှ အသင်းကြီး၏ အမျိုးသမီးရေးရာ ကော်မတီမှ ဆောင်ရွက်နေမှုများအပေါ် လေ့လာသုံးသပ်ချက်”** စာတမ်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန အာဟာရဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြင့်မြင့်ဇင်က **“အမျိုးသမီးများနှင့် မိသားစုအာဟာရ”** စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင်က **“ယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ”** စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

“ယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ” စာတမ်းကို ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင် ဖတ်ကြားစဉ်။

(သတင်းစဉ်)

“မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှု” စာတမ်းကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဌာနမှူး ပါမောက္ခ ဒေါ်ခင်ဆွေမြင့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

“စီမံခန့်ခွဲမှုနှင့် မြန်မာအမျိုးသမီးများကဏ္ဍ”စာတမ်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာခင်စန်းရီ ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသမီးအင်အား နိုင်ငံ့အား စွမ်းပကားဂုဏ်ဆောင် ဒို့ပြည်ထောင်

အမှာစကားပြောကြား

အမျိုးသမီးရေးရာ စာတမ်းများဖတ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့ဝင် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

MWAF

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN’S DAY

3rd July 2007

NLDပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကို ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့် လူမျိုးအကျိုးပျက်စီးအောင် ပြည်ပသြဇာခံ ဘဝရောက်အောင် လုပ်ဆောင်နေ မြောင်မြို့နယ်မှ ပါတီဝင်တစ်ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၂၆

စစ်ကိုင်းတိုင်း မြောင်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးမြင့်ဆွေသည် ဇွန် ၁၆ ရက်တွင် ၎င်း၏ဆန္ဒအလျောက်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့်သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့သည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးအောင်၊ ပြည်ပသြဇာခံဘဝရောက်အောင် လုပ်ဆောင်နေခြင်း၊ ပါတီခေါင်းဆောင်များ အချင်းချင်းဂိုဏ်းဂဏများ ကွဲပြားနေခြင်းတို့ကြောင့် NLD ပါတီတွင် ဆက်လက်ပါဝင်ရပ်တည်လိုခြင်းမရှိသဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

၂၀၀၇ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၂ရက် နံနက် ၈နာရီတွင် ပြည်မြို့ရွှေတံခါးရပ်ကွက်ရှိ လေယာဉ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်း၊ ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းခိုင်နှင့် ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းတို့က ပြည်မြို့ပေါ် ၁၀ရပ်ကွက်ရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူ ပျိုးပင်များကို ပေးအပ်ပြီး သတ်မှတ်ထားသည့်နေရာများတွင် တပျော်တပါးစုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်း၏ တတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် Conference Hall, Myanmar INFO-TECH တွင် ကျင်းပမည်ဖြစ်သဖြင့် အသင်းသားအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

မြန်မာအမျိုးသမီးများ

* မြန်မာမလေး ယဉ်ကျေးလိမ္မာ
လုပကြော့ရှင်း ယမင်းသူဇာ
မိဘကိုချစ် အမျိုးချစ်ရှာ
ပညာကြိုးစား နိုးကြားစဉ်သာ
မြန်မာ့သွေး ပြရေးလွန်ခိုင်မာ။

* မြန်မာမိခင် ကြည့်ရှုသဒ္ဒါ
လင်ကိုဘုရား သားသခင်ပါ
တွင်းပြင်နှစ်မီး ခွဲပြီးကန့်ကာ
နှစ်ဖက်ဆွေမျိုး မညိုးထောက်ပါ
မြန်မာ့သွေး ပြရေးလွန်ခိုင်မာ။

* မြန်မာအဘွား သားမြေးပေါ်မှာ
ကြင်နာတရား ဆပွားပိုကာ
အစဉ်စောင့်ရှောက် အံ့လောက်ဖွယ်ရာ
ကိုယ်ကျိုးစီးပွား စွန့်ထားမှန်စွာ
မြန်မာ့သွေး ပြရေးလွန်ခိုင်မာ။

* မြန်မာအမျိုးသမီး ဖွဲ့စည်းပေါ်လာ
ငယ်လတ်အကြီး အပြီးညီညာ
မြန်မာ့အကျိုး သယ်ပိုးစဉ်လာ
မျှော်ကိုးထောက်ထား ထူးခြားဖြာဖြာ
မြန်မာ့သွေး ပြရေးလွန်ခိုင်မာ။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

ဒေါက်တာသန်းဦး

ဧရာဝတီတိုင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၆

အနောက်တောင်တိုင်း စစ်ဌာနချုပ် ဗုဒ္ဓဒေသနာတော် (မဟာသမယသုတ်) အကောင်းဆုံးရွတ်ဆိုမှု ရွေးချယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၈ နာရီတွင် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့ တက်ရောက်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ပြုလုပ်သော ဧရာဝတီတိုင်း (၂၀၀၇-၂၀၀၈)ခု ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၁၆၅၀ ကို တိုင်းပညာရေးမှူး ဦးခင်မောင်ရီအား ပေးအပ်ပြီး ဆက်လက်၍ တိုင်းမှူးထံသို့ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက အထက်တန်း၊ အလယ်တန်း ကျောင်းသား သုံးယောက်ထိုင် စာရေးခုံအစုံ ၂၀၀ ကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းတို့ထံသို့ အလှူငွေနှင့် ဗလာစာအုပ်များကို လည်းကောင်း၊ အမှတ်(၁)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ)ဦးမြင့်ဆွေက တိုင်းပညာရေးမှူး ဦးခင်မောင်ရီထံသို့ သူငယ်တန်းဖတ်စာအုပ် အစုံ ၁၀၀၃၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယခု ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဗလာစာအုပ် ဒါဇင် ၂၀၅၀၊ သုံးယောက်ထိုင် စာသင်ခုံအစုံ ၂၀၀ နှင့် လှူဒါန်းငွေများ အပါအဝင် စုစုပေါင်း တန်ဖိုးကျပ် ၃၆၉၆၃၀၀၀ ဖြစ်ပြီး စာသင်ခုံများအား ခရိုင်တစ်ခုလျှင် ၄၀ နှုန်းဖြင့်လည်းကောင်း၊ ဗလာစာအုပ်များကို ပုသိမ်ခရိုင်အတွက် ၅၆၃ ဒါဇင်၊ ဟင်္သာတခရိုင်အတွက် ၄၈၃ ဒါဇင်၊ မြောင်းမြခရိုင်အတွက် ဒါဇင် ၃၉၀၊ မအူပင်ခရိုင်အတွက်၃၁၂ဒါဇင်၊ ဖျာပုံခရိုင်အတွက် ၃၁၂ ဒါဇင်ကို လည်းကောင်း ခွဲဝေပေးသွားမည်ဖြစ်သည်။

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဗုဒ္ဓဒေသနာတော် (မဟာသမယသုတ်) ရွတ်ဆိုပူဇော်မှု အကောင်းဆုံး ရွေးချယ်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တိုင်းမှူးနှင့်ဇနီး ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းသန်းညွန့်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်တို့က ဂုဏ်ပြုဆုရအသင်းနှင့် နှစ်သိမ့်ဆုရအသင်းများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က တတိယ၊ဒုတိယ၊ပထမဆုရဝတ် အသင်းများအားလည်းကောင်း ဆုများ ပေးအပ်သည်။ ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက် အမှာစကားပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းငွေများအား လက်ခံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင်တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညိဿရ)
၇း၅၅	Midweek Sports News
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ဆီးချိုသွေးချိုရောဂါဆိုင်ရာ ဆွေးနွေးမေးမြန်းခန်း (ပထမပိုင်း) (ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်)
၈း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	မြန်မာ့မျိုးဆက်သစ်တို့၏ ခြေလှမ်းအဆင့်မြင့် ဘောလုံးအားကစားသင်တန်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	သီတဂူအာယုဒါနဆေးရုံတော်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	InternationalVideo Topics (Sears Tower)
၁၁း၃၀	မိုးလေဝသခန့်မှန်းချက်
၁၁း၃၅	အမျိုးသားကန်တော်ကြီး ဥယျာဉ်(သဘာဝငှက်ဥယျာဉ်)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (General English မဂ္ဂဇင်းအယ်ဒီတာချုပ် လွတ်လပ်အိမ်နှင့်တွေ့ဆုံခြင်း)
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေး အစဉ်သုံးပေးဆပ်ပြာမွှေး
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	မြေအိုးထမင်းနှင့် အခြားဟင်းလျာများ (အပိုင်း-၂) (မြေအိုးထမင်း၊အာလူးအမှျင်သုပ်၊ငှက်ပျောဖူးသုပ်)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပညာရေးမိသားစု နိဗ္ဗာန်ဆွမ်းအလှူတော် မင်္ဂလာအဖွဲ့က (၁၆)နှစ်ပြည့် ဆွမ်းကပ်အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကကျောင်းတော်ကြီးအတွက် ဆွမ်းပဒေသာပင် အလှူငွေကျပ် ခုနစ်သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ရာသက်ပန် ဆွမ်းပဒေသာပင် ကျပ်သိန်း ၃၀ လှူဒါန်း

ရန်ကုန် ဇွန် ၂၆

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ အလှူရှင်(ဒေါက်တာမောင်မောင်)(အငြိမ်းစား သမ္မတ)အား ရည်စူး၍ ရန်ကုန်မြို့နေ ဇနီး ဒေါ်ခင်မြင့်နှင့် သားသမီး မြေးမိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင် ကျပ်သိန်း ၃၀ လှူဒါန်းခြင်းနှင့် ဆရာတော်သံဃာတော်အပါး ၄၀၀ ကျော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ တက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဒေါ်ခင်မြင့်နှင့် သားသမီးမြေးမိသားစုက (၁၃)ကြိမ်မြောက် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၃၀ နှင့် သင်္ကန်းစသည့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပိဋကတ်တိုက်မှူး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒဝရထံ ဆက်ကပ်လှူဒါန်းပြီး**(အပေါ်ပုံ)**ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ထို့နောက် ဆရာတော် သံဃာတော်အပါး ၄၀၀ကျော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (က-ပ)



ဇွန်၁၇ရက်က စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပသော သထုံအသင်းဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဥက္ကဋ္ဌ ဦးစောလွင် သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မာရုံတည်ဆောက်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့ လှိုင်မြို့နယ် (၄)ရပ်ကွက် မြကန်သာအိမ်ရာ မြကန်သာလမ်း အမှတ်(Q-13)နေဦးအေးကို-ဒေါ်နုနုခင်(မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်) တို့၏သားသမီးမြေးများ ဖြစ်ကြသော ကိုဇော်ညွှန့်ဦး-မမေမြတ်ကြူ၊ ကိုအောင်ကျော်ဦး-မဇင်မျိုးသန့်၊ သမီးသိမ့်မှူးသွယ်၊ကိုအောင်ထွန်း-မကြူကြူချို၊ သမီးဆုမွန်အောင်မိသားစုတို့က လှိုင်မြို့နယ် (၄)ရပ်ကွက် သာသနာအေး ပရိယတ္တိဝန်ဆောင်ကျောင်းတိုက်တွင် ဓမ္မာရုံတည်ဆောက်ရန်အတွက် မတည်ငွေကျပ်သိန်း ၅၀ ကို ကပ္ပိယအား ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်) အမှူးပြုသော သံဃာတော်အရှင်မြတ် ငါးပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ငါးပါးသီလခံယူကာ ရေစက်သွန်းချအမျှပေးဝေကြသည်။ (က-ပ)

၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတို့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၆)ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတို့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့်တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ပြည်ပ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနမှူး (မူးယစ်) ရဲမှူးကြီးခမ်းအောင်က သတင်းစာရှင်းလင်းပွဲနှင့်စပ်လျဉ်း၍ ပဏာမပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပသတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းကြရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အလုပ်သမားကိုယ်စားလှယ်အပေါ် သတင်းထုတ်ပြန်မှု မမှန်ကန် လုပ်ဇာတ်ပန်တီးခြင်းနှင့် ကာလိမ်ကျ ပြောဆိုခြင်းများသာဖြစ်

သတင်းဆောင်းပါး–မောင်ချစ်ကြည်၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ (၉၆)ကြိမ်မြောက်နှစ်ပတ်လည် ညီလာခံသို့တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ အလုပ်သမားကိုယ်စားလှယ် ဦးခင်မောင်ဦးနှင့် ပတ်သက်ပြီး ပြည်ပအသံလွှင့်ဌာနများဖြစ်သည့် ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေတို့က မဟုတ်မမှန်သတင်းမျိုးစုံ ထုတ်လွှင့်ခဲ့ကြသည်။

ပြောကြားခဲ့

(၉၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကာလအတွင်း အစည်းအဝေးတက်ရောက်နေသော မြန်မာနိုင်ငံမှ အလုပ်သမားကိုယ်စားလှယ် ဦးခင်မောင်ဦး အား အလုပ်သမားအုပ်စုအစည်းအဝေးခန်းမအတွင်းမှမောင်းထုတ်ခဲ့သည်ဟု ၁၂-၆-၂၀၀၇ ရက်နေ့ နံနက် ၆နာရီခွဲတွင် ဘီဘီစီနှင့်တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ အကြမ်းဖက်သမား တရားခံပြေး မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေက မီဒီယာများသို့ ပြောကြားခဲ့သည်။

သွားရောက်တွေ့ဆုံ

ထို့ကြောင့် အဆိုပါသတင်းနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်အတိုင်းသိရှိနိုင်ရန် (၉၆)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့တက်ရောက်ခဲ့သော အလုပ်သမားကိုယ်စားလှယ် ဦးခင်မောင်ဦး အလုပ်လုပ်ကိုင်ရာ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)ရှိ မြန်မာမေဆန်ကုမ္ပဏီလီမိတက် Good Morningပေါင်မုန့်စက်ရုံသို့ ၂၂-၆-၂၀၀၇ရက်နေ့တွင် သွားရောက်ပြီး တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

မေးမြန်း

မြန်မာမေဆန်ကုမ္ပဏီလီမိတက် Good Morning ပေါင်မုန့်စက်ရုံမှ ကြီးကြပ်ရေးမှူး ဦးခင်မောင်ဦးနှင့်တွေ့ဆုံကာ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

(၉၆)ကြိမ်မြောက် ILO ညီလာခံ၏ ဆုံးဖြတ်ချက်များကို အီလက်ထရွန်နစ်စနစ်ဖြင့် ဦးခင်မောင်ဦး မဲပေးစဉ်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

(၂၇-၆-၂၀၀၇)

(ပေါင်းလောင်းကွင်း)
နံနက် ၇ နာရီခွဲ
အမှတ်(၂)လျှပ်စစ်စွမ်းအားနှင့် ဆောက်လုပ်ရေး

(ပေါင်းလောင်းကွင်း)
ညနေ ၄ နာရီ
လယ်ယာ/ဆည်မြောင်းနှင့် အလုပ်သမား

(လယ်ဝေးကွင်း)
ညနေ ၄ နာရီ
ယဉ်ကျေးမှုနှင့် ပညာရေး